ကြေးမုံ
The Mirror

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ သောကြာနေ့ (24-4-2009) (၆၀၁၈)

ဆင်တပ်နှင့် ပျော့ရွှာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဧပြီ ၂၀ ရက်တွင် စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာအနီးရှိ ဆင်တပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ စီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်လတ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ၂၀၀၈-၂၀၀၉ ခုနှစ် နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်က ပြည်သူများ သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကားလမ်းများ၊ ရထားလမ်းများ၊ တံတားများကို နိုင်ငံတစ်ဝန်း ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်နှင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်တို့သည် တိုးမြစ်ခြားနေမှုကြောင့် ယခင်က ဒေသခံပြည်သူများသည် မော်တော်ကားဖြင့် တိုက်ရိုက်ခရီးမသွားနိုင်ဘဲ တိုးမြစ်ကို ဇက်ရေယာဉ်ဖြင့် ခက်ခဲစွာ ကူးသန်းသွားလာရခြင်း၊ လမ်းခရီးမှာ နီးလျက်နှင့် ဝေးနေရခြင်း စသည့် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။

တပ်မတော်အစိုးရလက်ထက်တွင် အဆိုပါ အခက်အခဲများကို ပြေလည်စေရန် ပြည်သူများအတွက် စေတနာရှေ့ထား၍ ဖန်တီးဖော်ဆောင်ပေးလျက်ရှိရာ ၂၀၀၀ ပြည့်နှစ်က ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် အင်ပူကျေးရွာအနီးတွင် တိုးမြစ်ကို ကူးသန်းဖြတ်ကျော်သည့် တံတားအရှည်ပေ ၄၀၈၈ ဒသမ ၃ ပေရှိသော ဒေးဒရဲတံတားကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

ဒေးဒရဲတံတားကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ရန်ကုန်-ဒလ-ကွမ်းခြံကုန်း- ဒေးဒရဲ-ဖျာပုံ-ကျိုက်လတ်- မအူပင်-ရန်ကုန်တို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်လာသည်။ ဒေသခံပြည်သူများသည် ဖျာပုံ-ကျုံကဒွန်း-ဆိပ်မ-အမာသို့လည်းကောင်း၊ မအူပင်-ညောင်တုန်း-ပုသိမ်နှင့် ညောင်တုန်း-ဟင်္သာတ၊ ညောင်တုန်း-သံတွဲ စသည့် ဧရာဝတီတိုင်းအတွင်းသာမက ရန်ကုန်တိုင်းနှင့် ရခိုင်ပြည်နယ်တို့ကိုပါ သွားလာဆက်သွယ်နိုင်ပြီ ဖြစ်သည်။

ယခုဆက်သွယ်သွားလာနေပြီဖြစ်သော ဒေးဒရဲတံတားကြီး အပါအဝင် တံတားများ၊ လမ်းများ တည်ဆောက်ပေးနိုင်သောကြောင့် ဧရာဝတီတိုင်းအတွင်း တစ်မြို့နှင့်တစ်မြို့ ကူးသန်းသွားလာရာတွင်လည်းကောင်း၊ အခြားပြည်နယ်နှင့်တိုင်းများသို့ သွားလာဆက်သွယ်ရာတွင်လည်းကောင်း မော်တော်ကားလမ်းကို အသုံးပြု၍ အချိန်တိုအတွင်း လွယ်ကူသက်သာစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်၍ ဧရာဝတီသား ပြည်သူများက နိုင်ငံတော်ကို ကျေးဇူးအထူးတင်ရှိကြောင်း ဧရာဝတီသားပြည်သူများ အားလုံးကိုယ်စား ရေးသားတင်ပြလိုက်ရပါသည်။ ။

အင်တာနက်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးသတင်း

ဘာသာပြန်
သတင်းလုလင်

အဏ္ဏဝါဂေဟစနစ်များထိန်းသိမ်းရေး အလွန်အကျွံငါးဖမ်းမှုများ မပြုသင့်

ဂျီနီဗာ ဧပြီ ၂၃

သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သော ငါးဖမ်းသည့် နည်းစနစ်များကို အသုံးပြုကာ အလွန်အကျွံ ငါးဖမ်းမှုများကြောင့် ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများရှိ ငါးအချို့ မျိုးသုဉ်းပျောက်ကွယ်နိုင်ကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့ (ဒဗလျူဒဗလျူအက်ဖ်)၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

နိုင်ငံတကာတွင် စီးပွားဖြစ်ငါးဖမ်းပိုင်ခွင့်ရှိသည့် နေရာများ၌ အလွန်အကျွံ ငါးဖမ်းမှုများ ပြုလုပ်ခဲ့မှုကြောင့် သက်ဆိုင်ရာအစိုးရအဖွဲ့များက ဥပဒေစည်းမျဉ်းများ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ●

ကြေးမုံ The Mirror

၂၄-၄-၂၀၀၉
(သောကြာနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရည်အသွေး အဆင့်မီ ပစ္စည်းများထုတ်လုပ် ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးမျှတရေး ကြိုးပမ်း

နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ဖန်တီးဖော်ဆောင်ရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးသည် ပဓာနကျသည်။ ယခုအခါ နိုင်ငံပိုင် စက်မှုလုပ်ငန်းကြီးများ၏ စွမ်းဆောင်မှုအရည်အသွေးကို မြှင့်တင်ရင်း သွင်းကုန်အစားထိုး စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ပေးနေသည်ကို တွေ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ ၁၆ ရက်နေ့က မန္တလေးတိုင်း ကျောက်ဆည်စက်မှုနယ်မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စက်မှုနယ်မြေမှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံပိုင်စက်ရုံများမှ ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးအဆင့်မီ ကောင်းမွန်သည့်ပစ္စည်းများဖြစ်ရေး၊ စက်ရုံတိုင်းက ကုန်ကျစရိတ်နှင့် ဝင်ငွေ အချိုးမျှတကောင်းမွန်ရေးတို့ကို လမ်းညွှန်မှာကြားသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးလာမှုနှင့်အတူ စက်မှုဇုန်များ၊ စက်မှုနယ်မြေများကို ထူထောင်လုပ်ကိုင်လျက်ရှိရာ ကျောက်ဆည်စက်မှုနယ်မြေသည် တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါ စက်မှုနယ်မြေ၌ ဘိလပ်မြေစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ သကြားလုံးစက်ရုံ၊ ဖိနပ်စက်ရုံ၊ အပ်ချုပ်စက်ရုံ၊ စက်ဘီးစက်ရုံ၊ အဆင့်မြင့်မီးခံအုတ်စက်ရုံ၊ ပလတ်စတစ်စက်ရုံ စသည့်စက်ရုံများကို တည်ဆောက်ပြီး လူသုံး၊ အိမ်သုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

စက်မှုနယ်မြေများနှင့် စက်မှုဇုန်များတွင် ခေတ်မီစက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများ၊ သွင်းကုန်အစားထိုး စက်ရုံများကို တိုးချဲ့ထူထောင်လာနိုင်သည့်အတွက် ကုန်ထုတ်လုပ်မှုနည်းပညာသစ်များ တိုးတက်ရရှိလာသည့်အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များလည်း ရရှိလာသည်။

ယနေ့ကာလတွင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်တိုးမြှင့်ရေး၊ ပြည်ပသွင်းကုန်လျှော့ချပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးပွားရေးကြိုးပမ်းလျက်ရှိရာ စက်ရုံ၊ အလုပ်ရုံအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်စေရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် စက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရေအတွက်သာမက ထုတ်ကုန်အရည်အသွေး အဆင့်မီကောင်းမွန်ရေး၊ ဈေးကွက်ရှိသော ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့ကို အလေးထားကြရမည်ဖြစ်သည်။

နိုင်ငံပိုင် စက်မှုလုပ်ငန်းများ၊ စက်မှုနယ်မြေများ၊ စက်မှုဇုန်များ အနေဖြင့် စက်ရုံ၊ အလုပ်ရုံအသစ်များကို ရင်းနှီးထူထောင်လုပ်ကိုင်လျက်ရှိရာ စက်ရုံအလိုက် စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး၊ ဝယ်ယူသုံးစွဲသူအကြိုက် ကုန်ပစ္စည်းများ အရည်အသွေးကောင်းအဆင့်မီ ထုတ်လုပ်နိုင်ရေး၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးမျှတကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် စက်မှုကဏ္ဍ ကုန်ပစ္စည်းထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည် ဖြစ်ပါသည်။ ။

နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း

နာယကအဖွဲ့ဝင်များ ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းနာယက အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၏ ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် အာဆီယံနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၏ ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၏ ဇနီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၏ဇနီးများနှင့် အသင်းသားများပါဝင်သည့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆရာစံပလာဇာရှိ ဗဟိုသမဝါယမအသင်း နာဂစ်လွန်မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ပြခန်းများကို လာရောက်ကြည့်ရှု လေ့လာကြသည်။ (အောက်ပုံ)

ဧည့်သည်များအား ဗဟိုသမဝါယမ အသင်းမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး အရောင်းပွဲတော် တတိယထပ်၌ အရောင်းပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ Video Slide များဖြင့် ရှင်းလင်းပြသကာ မြန်မာတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ပန်းပုအရောင်းပွဲတော်ကို သင်္ကြန်ပွဲတော်ကာလတွင် ခေတ္တရပ်နားခဲ့ပြီး ဧပြီ ၁၈ ရက်မှ မေ ၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီထိ ဆက်လက်ဖွင့်လှစ်ပြသထားမည်ဖြစ်ကြောင်း သိရသည်။

ပန်းပုအရောင်းပွဲတော် ကျင်းပရာ ဆရာစံပလာဇာအဆောက်အအုံ မြေညီထပ်၌ ပန်းချီ၊ ပန်းပု၊ အနုပညာပစ္စည်းများ၊ ကျောက်ဖြစ်ရုပ်ကြွင်း အင်ကြင်းကျောက်များ၊ ကျောက်စိမ်း ကျောက်မျက်များ၊ ပရိဘောဂအမျိုးမျိုး၊ အသင့်ချုပ်ပြီးအထည်များ၊ စားသောက်ကုန်ပစ္စည်းများ၊ ရှားပါးစာအုပ်များနှင့် လူသုံးအိမ်သုံး ပစ္စည်းများ လွတ်လပ်စွာရောင်းချလျက်ရှိရာ ပြည်တွင်း ပြည်ပ ဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့- နံနက်+နေ့လယ်+ည)

(၂၄-၄-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး + နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း ကြေညာချက်
၇း၁၅	တရားတော် (ဓဇဂ္ဂသုတ်)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (ရုပ်ဆိုးတာစိတ်ဆိုးလို့လား)
၈း၃၅	တေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀	သိမှတ်စရာ မြန်မာစကား မြန်မာစာ (ပုဂံကျောက်စာများမှ နှလုံးသားပွဲတင်သံများ)
၁၂း၄၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၂၀	ဆောင်းပါး (စိတ်ချမ်းသာ ကိုယ်ကျန်းမာ)
၄း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	တေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွှေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၆း၄၅	တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၇း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (အေးသောအရိပ်သာ ဖြစ်ပါစေချင်)
၇း၄၅	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (အကြည်တော်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၉း၀၀	ဆောင်းပါး (ဆရာပီမိုးနင်းရဲ့စကား) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် ဧပြီ ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် တွဲဖက်အတွင်းရေးမှူး(၃) ဦးတင်မောင်ဝင်း၊ တွဲဖက်အတွင်းရေးမှူး(၄) ဒေါက်တာမျိုးသက်နှင့် တွဲဖက်အတွင်းရေးမှူး(၅) ဒေါက်တာပွင့်ဆန်းတို့ပါဝင်သော အဖွဲ့အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ Mr. Feroz Ahmed Secretary ခေါင်းဆောင်၍ အဖွဲ့ဝင်၁၁ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၆ ရက်တွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ပို့ကုန်ပစ္စည်းများ တိုက်ရိုက်တင်ပို့ ရောင်းချနိုင်ရေးကိစ္စ၊ ငွေပေးချေမှု လွယ်ကူချောမွေ့စေရေးအတွက် ဘဏ်လုပ်ငန်း အစီအမံများ ဆောင်ရွက်နိုင်ရေးကိစ္စနှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာကိစ္စ တို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အောက်ဝဲပုံ)** (သတင်းစဉ်)

မူးယစ် ကင်းစင် အလှဆင်

မိုးကုတ် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

မိုးကုတ်မြို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၂ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးအုန်းကို ဖုန်း-၀၉၅၀ ၀၃၉၉၀၊ ဦးသိန်းအောင် ဖုန်း-၀၁-၅၂၆၆၅၅၊ ဦးခင်မောင်ကြည် ဖုန်း-၀၉၉၉၂၆၃၀၇၊ ဦးသန်းဝင်း ဖုန်း-၀၉၉၀ ၃၁၃၈၁၊ ဦးတင်ဦး ဖုန်း- ၀၉၈၀ ၂၁၀၂၆၊ ဦးထွန်းထွန်းဦး ဖုန်း- ၀၉ ၅၀ ၁၆၆၁၆၊ ဦးဇော်မျိုးနိုင် ဖုန်း- ၀၉၅၀ ၂၅၄၂၉၊ ဦးကံလှ ဖုန်း-၀၉၈၀ ၂၃၉၁၃၊ ဦးခင်မောင်လွင် ဖုန်း-၀၉၉၉ ၂၇၁၂၁၊ ဒေါ်ကြူကြူဇင် ဖုန်း-၀၁-၂၉၀၃၉၄၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း- ၀၁-၆၄၀၁၄၅၊ ဒေါ်ထားထားလွင် ဖုန်း-၀၉၉၉ ၂၁၀၄၅နှင့် ဒေါ်တင့်တင့်အောင် ဖုန်း-၀၉၅၀ ၂၀၅၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိတ္ထီလာ ဘိုးဘွားရိပ်သာသို့ ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၃

မိတ္ထီလာဘိုးဘွားရိပ်သာသို့ ထာဝရငွေပဒေသာပင်အဖြစ် မိတ္ထီလာမြို့ အရှေ့ပြင်ရပ်နေ ဦးချစ်တိုးမိသားစုက ငွေကျပ် တစ်သိန်း၊ ဝမ်းတော်ပြည့် တိုးချဲ့ရပ်ကွက်နေ ရဲမှူးကြီး ခင်မောင်ထူး(ငြိမ်း) - ဒေါ်ခင်ကြူကြူလှိုင်မိသားစုတို့က ဒုတိယအကြိမ် ငွေကျပ်တစ်သိန်းနှင့် မြို့လုံးကျွတ် ကုသိုလ်ရှင်များ၏ လစဉ်လှူဒါန်းငွေကျပ် ၁၀ သိန်း တို့ကို အသီးသီးလှူဒါန်းခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မအူပင်-ပုံတပွတ် ကျေးရွာသွားလမ်း ကတ္တရာထပ်ပိုးလွှာခင်းနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၃

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့သည် ဧပြီ ၂၀ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မအူပင်-ပုံတပွတ် ကျေးရွာသွားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဧပြီ ၂၁ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ညောင်တုန်းမြို့ လမ်းမတော်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ကတ္တရာလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုသည်။

အဆိုပါ လမ်းမတော်ကတ္တရာလမ်းသည် အရှည် ပေ ၂၇၀၀၊ အကျယ် ၁၆ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သောလမ်းဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ပန်းတနော်မြို့နယ် အင်းမ-အင်းတကော-ခရေကန်-ဓနော်လမ်း၊ ဖြန့်ကြီး-တိုက်တန်းလမ်းပိုင်း ကျောက်ချောလမ်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ပန်းတနော်မြို့နယ် အင်းမ-အင်းတကော - ခရေကန် - ဓနော်လမ်း၊ ဖြန့်ကြီး - တိုက်တန်းလမ်းပိုင်း ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (နယ်စပ်/စည်ပင်)

အဆိုပါ အင်းမ-အင်းတကော-ခရေကန်-ဓနော်လမ်းသည် ပုသိမ်-ရန်ကုန် ကားလမ်းမကြီးနှင့် ဓနော်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသော အရှည် ၁၂ မိုင်ရှိ မြေသားလမ်းဖြစ်ကာ ယင်းမြေသားလမ်းပေါ်တွင် စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည် သုံးမိုင်၊အကျယ် ၁၂ပေရှိ ကျောက်ချောလမ်းကို ဖောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ ယင်းလမ်း ဖောက်လုပ်ပြီးစီးခြင်းဖြင့် ပန်းတနော်မြို့နယ် အင်းမ၊ အင်းတကော၊ ခရေကန်နှင့် ဓနော်ကျေးရွာအုပ်စုလေးစု၊ ကျေးရွာ ၃၉ ရွာမှ ကျေးရွာနေ ပြည်သူများအတွက် ရာသီမရွေး ဆက်သွယ် သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဧပြီ ၁၅ ရက်တွင် ဝါဘိုကျေးရွာရှိ အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ပွဲသို့ တက်ရောက်၍ တိုင်းမှူး မိသားစုနှင့် အလှူရှင်များက အလှူငွေ ပေးအပ်ကန်တော့ကြပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ မီးအိမ်၊ အဝတ်အထည်၊ အစားအစာနှင့် ကစားစရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးနှင့် ဇနီးတို့သည် ဧပြီ ၁၆ ရက်တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ အတာသင်္ကြန်မဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများသည် ဦးဥတ္တမပန်းခြံ သင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပသော ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများသည် ဧပြီ ၁၇ ရက်တွင် ဦးဥတ္တမခန်းမ၌ ကျင်းပသော မြန်မာ့ရိုးရာ သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး သက်ကြီးအဘိုး၊ အဘွားများအား တိုင်းမှူးနှင့်ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

တိုင်းမှူးသည် ဧပြီ ၁၈ ရက်တွင် စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ ပြည်တော်သာဘူတာရုံ ဆောက်လုပ်မည့်နေရာသို့ ရောက်ရှိပြီး တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ပြည်တော်သာရပ်ကွက် အခြေခံပညာမူလတန်းကျောင်း ပြင်ဆင်ဆောက်လုပ်နေမှု အခြေအနေ၊ ဘုမေရပ်ကွက် ဝေသာလီ အားကစားခန်းမအနီး စစ်တွေဘူတာကြီး ဆောက်လုပ်မည့်နေရာနှင့် မီးရထားသံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် စစ်တွေနည်းပညာ တက္ကသိုလ်အနီးတွင် ဆောက်လုပ်မည့် ရေချမ်းပြင်ဘူတာ ဘူတာရုံအဝင် ကားလမ်းကူးတံတား ဆောက်လုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အိမ်မဲ မြို့မဈေး စုပေါင်းသန့်ရှင်း

အိမ်မဲ ဧပြီ ၁၉

အိမ်မဲမြို့ မြို့မဈေးအတွင်း တည်ခင်းရောင်းချနေသော သားငါးတန်းအတွင်း အမှိုက်နှင့် အညစ်အကြေး ကင်းရှင်းစေရေးအတွက် ဧပြီ ၁၇ ရက်တွင် ဝန်ထမ်းများ၊ ဈေးတာဝန်ခံနှင့် ဈေးသူ၊ဈေးသားများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအား အမှုဆောင်အရာရှိ ဦးမျိုးလွင်က ကြီးကြပ်ဆောင်ရွက်ကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဧပြီ ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးအား ယင်းဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးအား ရွှေထီးတော်သစ် တင်လှူဆက်ကပ်ပူဇော်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂၃

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးအား ရွှေထီးတော်သစ် တင်လှူဆက်ကပ်ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ အောင်ဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တအာစရထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ကြာပန်းခိုင်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အောင်ဗိမာန်ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ကြာပန်းခိုင်၊ ဆပ်သွားဖူးနှင့် ခေါင်းလောင်းတော်များကို ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံလျက် စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြပြီး မင်္ဂလာရထားပုံဖြင့် စေတီတော်အထက်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခေါင်းလောင်းတော်၊ ဆပ်သွားဖူး၊ ကြာပန်းခိုင်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဆရာတော် သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာ တင်တော်မူကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၀၉ (သောကြာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌာန်းပါဠိတော်+အာဋ္ဌာနာဋိယသုတ်
၅း၁၅ MRTV-4 နံနက်ခင်းသတင်း
၆း၀၀ "ဂင်္ဂါမြစ်မှ သာစုသံ" တရားတော်
(ဘဒ္ဒန္တပညာဝံသ ပုပ္ပားစကားဝါမြေဆရာတော်)
၇း၀၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၁၄)
၇း၃၀ TOM & JERRY
၈း၀၀ MRTV-4 နံနက်ခင်းသတင်း
၈း၄၅ လေလွင့်ခြင်း၏ ရွှေရောင်ခြေလှမ်းသစ်
၉း၀၀ သူတို့ပြောတဲ့သူတို့အကြောင်း
(သရုပ်ဆောင်ကင်းကောင်နှင့်တွေ့ဆုံခြင်း)
၉း၃၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
(ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၉း၄၅ မြို့ပြခရီး (Uruguay နိုင်ငံမှ Montevideo မြို့အကြောင်း)
၁၀း၁၀ သျှိသျှားမြေမှစပျစ်ချို
၁၀း၄၅ တေးဂီတအစီအစဉ်
၁၁း၀၅ စားချင်စဖွယ်နည်းအသွယ်သွယ်
(ဖက်ထုပ်ပြုတ်၊ ဝက်သားစဉ်းကောဆလတ်)
၁၁း၂၀ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း
(ပန်းဝတ်မှုန်ထုတ်လုပ်ရေး)
၁၁း၄၀ Yangon Panorama
အထက(၃)ပဲခူး မြတ်ဆရာပူဇော်ပွဲ
၁၂း၀၀ ထက်မြက်ထူးခြား Aikido အားကစား
၁၂း၂၅ VJ Choice
၁၂း၅၀ ဂမုန်းရေလှောင်တမံ
၁း၀၀ "ဂင်္ဂါမြစ်မှ သာစုသံ"တရားတော်
(ဘဒ္ဒန္တပညာဝံသပုပ္ပားစကားဝါမြေ ဆရာတော်)
၁း၅၅ အလျော်အစား
(ဇင်ဝိုင်း၊ ငွေဇင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)
၂း၀၅ ယနေ့သိပ္ပံနှင့်နည်းပညာ
၂း၂၅ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ . . .
၂း၃၅ Art Vision (Zone)
၂း၄၅ ကော်ဖီထုပ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၃း၀၀ လှုပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ
(သစ္စာမေတ္တာရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်း)(အပိုင်း-၂)
၃း၂၅ တေးဂီတအစီအစဉ်
၃း၄၀ လှပဒီဇိုင်းထွင်ပိုးထည်အဆင်
၄း၀၀ အင်းအလှနဲ့သစ်ခွသဘင် (အပိုင်း-၂)
၄း၂၀ Box Office Movies
(The Curious Case of Benjamin Button)
၄း၅၅ Fragrant Rice (အပိုင်း-၂)
၅း၂၀ သူတို့ပြောတဲ့သူတို့အကြောင်း
(သရုပ်ဆောင်ကင်းကောင်နှင့်တွေ့ဆုံခြင်း)
၅း၄၅ ပျိုမေတို့လှစေဖို့ (အပိုင်း-၂)
၆း၀၀ MRTV-4 ညနေခင်းသတင်း
၆း၁၅ VJ Choice
၆း၄၀ MRTV-4 စာအုပ်စင်ကဏ္ဍ
(မေတ္တာစွမ်းအားနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများစာအုပ်ကို ရေးသားသူ သုမဓမ္မဏိဇောတရေစံချိန်မီ ဦးလှထွန်းနှင့် တွေ့ဆုံခြင်း)
၇း၁၅ Shooting Location
မမနုအိမ် (သို့မဟုတ်) သုံးထပ်အိမ်ကြီး
၇း၄၅ စားချင်စဖွယ်နည်းအသွယ်သွယ်
(ဖက်ထုပ်ပြုတ်၊ ဝက်သားစဉ်းကောဆလတ်)
၈း၀၀ MRTV-4 သတင်း
၈း၁၅ မြို့ပြခရီး (Uruguay နိုင်ငံမှ Montevideo မြို့အကြောင်း)
၈း၄၀ Hotel Guide (Lucky Dargon Hotel)
၉း၀၀ Box Office Movies
(The Curious Case of Benjamin Button)
၉း၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၄)
၁၀း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁း၄၅ လှုပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ
(သစ္စာမေတ္တာရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်း)(အပိုင်း-၂)
၁၂း၁၀ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း
(ပန်းဝတ်မှုန်ထုတ်လုပ်ရေး)
၁၂း၃၅ Shooting Location
မမနုအိမ် (သို့မဟုတ်) သုံးထပ်အိမ်ကြီး
၁း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီ အင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတကာသတင်းမှတ်စု

တရုတ်နိုင်ငံ၏ သဘာဝဝန်းကျင်နှင့် သယံဇာတများ လေ့လာစူးစမ်းမည့် အာရုံခံထောက်လှမ်းရေးဂြိုဟ်တု လွှတ်တင်နေစဉ်။

အာရုံခံထောက်လှမ်းရေးဂြိုဟ်တု တရုတ်လွှတ်တင်

တရုတ်နိုင်ငံ ရှန်စီပြည်နယ်မြောက်ပိုင်း တိုင်ယမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ အာရုံခံထောက်လှမ်းရေးဂြိုဟ်တုအား ဧပြီ ၁၅ ရက်က လွှတ်တင်ခဲ့သည်။ အဆိုပါ ယိုဂန်-၇ ဂြိုဟ်တုကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅၅ မိနစ်၌ လောင်းမတ်ချ်-၂စီ ဒုံးယာဉ်က သယ်ဆောင်ကာ အာကာသသို့ အောင်မြင်စွာ လွှတ်တင်ခဲ့ ကြောင်း ဂြိုဟ်တုစခန်းမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းဂြိုဟ်တုအား မြေအောက်သယံဇာတအရင်းအမြစ်များ ရှာဖွေခြင်း၊ သဘာဝပတ်ဝန်းကျင် စောင့်ကြည့်ခြင်းနှင့် ကာကွယ်ခြင်း၊ မြို့ပြစီမံကိန်းများ၊ ကောက်ပဲသီးနှံအထွက်နှုန်း ခန့်မှန်းခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးခြင်းနှင့် လျှော့ချခြင်း၊ အာကာသသိပ္ပံ စမ်းသပ်လေ့လာခြင်းတို့အတွက် အသုံးပြုမည်ဖြစ်သည်။

ဆိုမာလီရေပြင်အနီး ဖိလစ်ပိုင်သင်္ဘောသားများ တာဝန်မထမ်းဆောင်ရ

ဆိုမာလီရေပြင်အနီး ဖြတ်သန်းသွားလာနေသော သင်္ဘောများတွင် ဖိလစ်ပိုင်သင်္ဘောသားများ တာဝန်ထမ်းဆောင်ခြင်းနှင့် ပတ်သက်၍ တားမြစ်ချက်တစ်ရပ်ကို ဖိလစ်ပိုင်အစိုးရက ထုတ်ပြန်ခဲ့ကြောင်း တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။ အေဒင်ပင်လယ်ကွေ့နှင့် ဆိုမာလီရေပြင်တွင် ပင်လယ်ဓားပြ တိုက်ခိုက်မှုအရေအတွက် တိုးမြင့်လာပြီးနောက် စနေနေ့တွင် အစိုးရက ယင်းသို့ တားမြစ်ချက်ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ နိုဝင်ဘာ ၁၀ ရက်က ဖမ်းဆီးခဲ့သော အမ်ဗွီစတော့စထရင့်တင်ကာသင်္ဘောနှင့် သင်္ဘောသား ၂၃ဦးအား ဧပြီ ၂၁ ရက်က ပြန်လွှတ်ခဲ့ပြီးနောက် သင်္ဘောခြောက်စင်းနှင့် ဖိလစ်ပိုင်သင်္ဘောသား ၈၅ ဦးခန့်အား ဆိုမာလီပင်လယ်ဓားပြများက ဖမ်းဆီးထားဆဲဖြစ်သည်။

တာလီဘန်များ လက်နက်ချရန် ပါကစ္စတန်အစိုးရတိုက်တွန်း

ငြိမ်းချမ်းရေးအစီအစဉ်အရ တာလီဘန်များ လက်နက်ချရန် ပါကစ္စတန်နိုင်ငံမှ တာဝန်ရှိသူတစ်ဦးက ဧပြီ ၂၁ ရက်က တိုက်တွန်းခဲ့ကြောင်း ပါကစ္စတန်အေပီသတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန်အနောက်မြောက်ဘက်ပြည်နယ် ဘန်နာခရိုင် နေရာအများအပြားတွင် တာလီဘန်များက စစ်ဆေးရေးဂိတ်များ တည်ဆောက်ထားကြောင်း၊ လက်နက်ကိုင် တာလီဘန်များက ဆာဝါရီ၊ ပါဘာဘာ၊ ချမ်လာနှင့် အခြားဒေသများတွင် ကင်းလှည့်နေကြောင်း အင်္ဂါနေ့တွင် ပုဂ္ဂလိကရုပ်သံဂျီအိုမှ ထုတ်လွှင့်ခဲ့သည်။

အပစ်အခတ်ရပ်စဲရေးအတွက် ဗြိတိန်တောင်းဆိုမှု သီရိလင်္ကာပယ်ချ

သီရိလင်္ကာအစိုးရတပ်ဖွဲ့နှင့် တမီလ်ကျားသူပုန်များအကြား စစ်ရေးတိုက်ခိုက်မှုများ ရပ်ဆိုင်းရန် ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း၏ တောင်းဆိုမှုကို သီရိလင်္ကာသမ္မတမာဟင်ဒါ ရာဂျာပက်ဆေးက ပယ်ချခဲ့ကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက အင်္ဂါနေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

စစ်မဲ့ဇုန်တွင် ဖြစ်ပွားနေသော အခြေအနေအား ကုလသမဂ္ဂနှင့် နိုင်ငံတကာလူမှုရေး အဖွဲ့အစည်းများက ဖိအားပေးရန်အတွက် တမီလ်ကျားသူပုန်များက ဧပြီ ၂၁ ရက်က တောင်းဆိုခဲ့သည်။

ဘင်္ဂလားဒေ့ရှ်၌ အသည်းရောင်ဘီပိုင်းရပ်စ်ပိုးကူးစက်သူ ရှစ်ရာခိုင်နှုန်းရှိ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လူဦးရေစုစုပေါင်း ရှစ်ရာခိုင်နှုန်းခန့်မှာ အသည်းရောင်ဘီဗိုင်းရပ်စ်ပိုး ကူးစက်ခံနေရကြောင်း ဗုဒ္ဓဟူးနေ့ထုတ် ဒေးလီးစတားသတင်းစာက ဖော်ပြသည်။ နိုင်ငံအတွင်း ကိုယ်ဝန်ဆောင်မိခင်၏ ၃ ဒသမ ၅ ရာခိုင်နှုန်းသည်လည်း အသည်းရောင်ဘီရောဂါ ခံစားနေရကြောင်း အင်္ဂါနေ့တွင် ကျွမ်းကျင်သူများက ပြောကြားသည်။

အသည်းရောင်ဘီဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူအရေအတွက်မှာ လူဦးရေစုစုပေါင်း၏ တစ်ရာခိုင်နှုန်းအောက်ဖြစ်ကြောင်း ယင်းသတင်းစာက ဖော်ပြသည်။ အသည်းရောင်ဘီဗိုင်းရပ်စ်ပိုး ကာကွယ်ဆေးမှာ အလွန်စျေးကြီးသဖြင့် လူအများသုံးစွဲနိုင်ရေးအတွက် ယင်းကာကွယ်ဆေးကို ပြည်တွင်း၌ထုတ်လုပ်ရန် အစိုးရအား ကျွမ်းကျင်သူများက အကြံပြုခဲ့သည်။

လက်တင်အမေရိက ကိုကင်းမှောင်ခိုများအား ပြစ်ဒဏ်ချမှတ်

အနောက်အာဖရိကနိုင်ငံအတွင်းသို့ လွန်ခဲ့သောနှစ်က ကိုကင်းကီလို ၇၀၀ မှောင်ခိုတင်သွင်းမှုအတွက် လက်တင်အမေရိကနိုင်ငံသားငါးဦး အပါအဝင် ၁၅ ဦးအဖွဲ့အား ဆာရာလီတရားရုံးက ထောင်ဒဏ်နှင့်ငွေဒဏ် ချမှတ်ခဲ့သည်။ ဧပြီ ၂၁ ရက်တွင် ပြုလုပ်သော တရားရုံး၏ ကြားနာစစ်ဆေးချက်အရ နိုင်ငံခြားသားများဖြစ်သော ကိုလံဘီယာနိုင်ငံသားလေးဦး၊ မက္ကဆီကိုတစ်ဦး၊ အမေရိကန်တစ်ဦးနှင့် ကျူးဘားတစ်ဦးတို့အား ထောင်ဒဏ်ငါးနှစ်စီနှင့် တစ်ဦးလျှင် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းမှ ငါးသန်းအကြား ပေးဆောင်ရန် ချမှတ်ခဲ့ပြီး ဆီရာလီယွန်နိုင်ငံသား ရှစ်ဦးအားလည်း ထောင်ဒဏ်ငါးနှစ်နှင့် ဒဏ်ငွေ အနည်းငယ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

စုစည်းတင်ပြသူ-စိုးစိုးနိုင်

မိုလ်ဆူးတွင် တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွား၊ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေ၊ ရှစ်ဦးဒဏ်ရာရ

မိုလ်ဆူး ဧပြီ ၂၃

အီရတ်နိုင်ငံမြောက်ပိုင်း မိုလ်ဆူးမြို့တွင် တနင်္ဂနွေနေ့က တိုက်ပွဲဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အရပ်သားရှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့သတင်းက ဖော်ပြသည်။ မိုလ်ဆူးမြို့အနောက်ပိုင်း အယ်လ်-ရှိဖာအရပ်အနီးရှိ ရဲစစ်ဆေးရေးဂိတ်ကို ခုနစ်ဦးပါဝင်သော သေနတ်သမားတစ်စုက ဝိုင်းဝန်းတိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားသည်။

ရဲတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင် စစ်သွေးကြွများသည် တိုက်ပွဲဖြစ်ကြောင်း ဖော်ပြပြီး ထိုသေနတ်သမားများ ထိခိုက်သေဆုံးခြင်း ရှိ၊ မရှိ ဟူသော အချက်ကို သတင်းဌာနများက ဖော်ပြခြင်းမရှိပေ။ ဒုတိယတိုက်ခိုက်မှုမှာ မိုလ်ဆူးမြို့ အလယ်ပိုင်း ဖာဆာလီယာအရပ်အနီးတွင်ဖြစ်ပြီး အမေရိကန် လှည့်ကင်း ဖြတ်သန်းသွားစဉ် ကားဗုံး ဖောက်ခွဲခြင်းဖြစ်သည်။

အမာခံဖြစ်

ထိုတိုက်ခိုက်မှုကြောင့် အမေရိကန် လှည့်ကင်းအဖွဲ့နှင့်စပ်လျဉ်း၍ အသေးစိတ်အခြေအနေကို မသိရဟု ဆိုသည်။ သို့ရာတွင် ယင်းအဖြစ်အပျက်ကြောင့် အရပ်သားငါးဦး ဒဏ်ရာရရှိသွားပြီး အခြေအနေမှာ စိုးရိမ်ရသည်ဟုဆိုသည်။ မိုလ်ဆူးမြို့တည်ရှိရာ နင်နီးဗားပြည်နယ်သည် အယ်လ်ခိုင်ဒါနှင့် အခြားတိုက်ခိုက်ရေးသမားများ၏ အမာခံနယ်မြေဖြစ်ကြောင်း သိရသည်။

အင်တာနက်။

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် ဗုံးပေါက်ကွဲသွားရာ နေရာမှ အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့လယ်ကောင်ရှိ တိုက်ခိုက်မှု ဖြစ်ပွားသွားသောနေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်စခန်းအတွင်း အသေခံဗုံးခွဲသမား တိုက်ခိုက်

ဘဂ္ဂဒက် ဧပြီ ၂၃

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်ရှိ စစ်စခန်းအတွင်း၌ အသေခံဗုံးဖောက်ခွဲရေးသမားက တိုက်ခိုက်သဖြင့် အီရတ်တပ်ဖွဲ့ဝင် အနည်းဆုံး ၁၆ ဦး သေဆုံးပြီး ၅၀ ဒဏ်ရာရရှိသွားကြောင်း စစ်ဘက်မှလာသော သတင်းတွင် ဖော်ပြသည်။

ဗုံးခွဲသမားသည် စစ်ဘက်စားသောက်ဆိုင်အတွင်း တန်းစီစောင့်ဆိုင်းနေကြသော တပ်ဖွဲ့ဝင်များအကြား၌ ၎င်း၏ ကိုယ်ပေါ်၌ ဝတ်ဆင်လာသော ဗုံးကို ဖောက်ခွဲလိုက်ခြင်းဖြစ်သည်ဟု ကာကွယ်ရေးဌာနမှလာသော သတင်းက ဆိုသည်။

ဘဂ္ဂဒက်မြို့မှ ကီလိုမီတာ ၇၀ခန့်အကွာရှိ အမေရိကန်နှင့် အီရတ်တို့ ပူးတွဲဖွင့်လှစ်ထားသော ဟာဗာနီးယား စစ်စခန်းအတွင်းသို့ အရပ်သားများကို ဝင်ရောက်ခွင့်မပြုဟု သိရသည်။ အဆိုပါ ဖောက်ခွဲရေးသမားသည် အီရတ်စစ်ဝတ်စုံ ဝတ်၍ ထိုစခန်းအတွင်း ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ အီရတ်သို့ ကျူးကျော်ဝင်ရောက်လာစဉ်က ဆွန်နီအာရပ်များ ကြီးစိုးရာ အန်ဆာဒေသသည် ကျူးကျော်သူများကို အပြင်းအထန် ခုခံကြသည်။ နောက်ပိုင်းနှစ်များတွင် အတော်အတန် ပြန်လည်ငြိမ်သက်သွားရာမှ ယခုအခါတွင် တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

အင်တာနက်။

ကန်ကာကွယ်ရေးဝန်ကြီးဌာန ကွန်ပျူတာများကို ဟက်ကာများ ကျူးကျော်

ဝါရှင်တန် ဧပြီ ၂၃

အမေရိကန်ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီးဌာန၏ ကွန်ပျူတာများအတွင်းသို့ ဟက်ကာများက ကျူးကျော်ဝင်ရောက်၍ လက်ရှိ မွမ်းမံလျက်ရှိသော ပူးတွဲတိုက်လေယာဉ်၏ သတင်းများ၊ ဒီဇိုင်းပုံစံများအပါအဝင် အချက်အလက်များကို ခိုးယူသွားကြောင်း ဒီဝေါလ်စထရိဂျာနယ်က အင်္ဂါနေ့တွင် ဖော်ပြသည်။

ခိုးယူခံရ

ခိုးယူခြင်းခံရသော ဖိုင်များတွင် တိုက်လေယာဉ်၏ ဒီဇိုင်း၊ အီလက်ထရွန်နစ်စနစ်တို့ ပါဝင်ကြောင်း၊ ယင်းတို့သည် ၎င်းဂျက်တိုက်လေယာဉ်ကို ခုခံရာတွင် အသုံးပြုနိုင်ကြောင်း ဂျာနယ်တွင် ဖော်ပြထားသည်။

အင်တာနက်။

ကွန်ပျူတာမှ အချက်အလက်များ ခိုးယူခံရသည့် အမေရိကန်တို့ လေ့လာစူးစမ်းနေသော အက်ဖ်-၃၅ တိုက်လေယာဉ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်တွင် အိမ်သာခွက်အတွင်း ညပ်နေသော သုံးနှစ်အရွယ် ကလေးကို ကယ်ဆယ်ပေးခဲ့ရ

ချရက် ဧပြီ ၂၂

ဗြိတိန်နိုင်ငံ ဝေလပြည်နယ်တွင် အိမ်သာခွက်အတွင်းခြေထောက်ကျွံကျကာ ညပ်နေသော သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးကို ကယ်တင်ရန်အတွက် မီးသတ်သမားများက ကူညီပေးခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

ကီဗင်ရိုဂျာဆိုသူ အမျိုးသားသည် ၎င်း၏သမီးဖြစ်သူကို အိမ်သာခွက် အသုံးပြုတတ်စေရန် လေ့ကျင့်ပေးရန် ဧပြီ ၁၅ ရက်က အဆိုပါ အိမ်သာခွက်ကို ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ယင်းကို ဆေးကြောရန်အတွက် သမီးနှစ်ဦးနှင့်အတူအပြင်သို့ထုတ်ယူခဲ့ကြောင်း၊ ထို့နောက်တွင် ကလေးများထံမှ အော်ဟစ်ငိုယိုသံကြားရသဖြင့် သွားကြည့်ရာ သုံးနှစ်အရွယ်ရှိ ရီဘက်ကာမှာ အိမ်သာခွက်အတွင်းသို့ ခြေထောက်ကျွံကျကာ ညပ်သဖြင့် အသံကုန်အော်ဟစ်နေသည်ကို တွေ့ရကြောင်း ကီဗင်ရိုဂျာက ပြောကြားသည်။

ရီဘက်ကာအား ကယ်တင်ပေးရန် မီးသတ်ဌာနသို့ တယ်လီဖုန်းဖြင့် အကူအညီတောင်းခံခဲ့ကြောင်းနှင့် သူမကို ၁၅ မိနစ်အတွင်းမှာပင် ကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မီးသတ်တပ်ဖွဲ့ကပေးရသော အကူအညီများအနက် ယခုအကူအညီမျိုးသည် ရှားပါးပြီး ဖြစ်တောင့်ဖြစ်ခဲအကူအညီမျိုးဖြစ်သည်။ ***အင်တာနက်။***

ဂျပန်နိုင်ငံ ရှိမိုနိုစိကီးဆိပ်ကမ်းတွင် ကျောက်ချရပ်နားထားသော ဝေလငါးဖမ်းရာ၌ အသုံးပြုသည့် နီရှင်းမာရူး သင်္ဘောကို မေ ၂၃ လဆန်းပိုင်းက တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်ဝေလငါးဖမ်းသင်္ဘောများ ပင်လယ်ပြင်သို့ ထွက်ရန်ပြင်ဆင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ ကန့်ကွက်

တိုကျို မေ ၂၃

ဂျပန်နိုင်ငံမှ ဝေလငါးဖမ်းသင်္ဘောအုပ်စုသည် ရက်ပိုင်းအတွင်းက ပင်လယ်ပြင်သို့ ထွက်ခွာသွားကြတော့မည် ဖြစ်သည်။ ထိုသင်္ဘောအုပ်စုသည် ဝေလငါးကောင်ရေ ၆၀ကို ဖမ်းရန် ရည်မှန်းချက်ချမှတ်ထားကြောင်း သတင်းထွက်ပေါ်လာသော အခါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများသည် ချက်ချင်းကန့်ကွက်မှုများ ပြုလုပ်ကြသည်။

ယင်းငါးဖမ်းသင်္ဘောအုပ်စုတွင် ဝေလငါးဖမ်းသင်္ဘောကြီး လေးစင်းနှင့် သုတေသနသင်္ဘောတစ်စင်းတို့ ပါဝင်မည်ဖြစ်ပြီး ဂျပန်နိုင်ငံမြောက်ပိုင်းမီယာဂီဒေသ အာယူကာဝါဆိပ်ကမ်းမှ ခရီးစတင်ထွက်ခွာရန် ပြင်ဆင်လျက်ရှိသည်ဟု ငါးလုပ်ငန်း အေဂျင်စီက ပြောကြားသည်။ အပြည်ပြည်ဆိုင်ရာ စီးပွားဖြစ် ဝေလငါးဖမ်းဆီးမှု ရပ်ဆိုင်းရေးသဘောတူညီချက်ကို ၁၉၈၆ ခုနှစ်က လက်ခံခဲ့ကြသည်။ ထိုသဘောတူညီချက်တွင်ပါရှိသော အားနည်းချက် ကယ်ပေါက်ကို အသုံးချ၍ ဂျပန်သင်္ဘောများက ဝေလငါးဖမ်းရန် စီစဉ်ကြခြင်းဖြစ်သည်။ ဖမ်းဆီးရာမှ ရရှိလာသော ဝေလငါးအသားများကို အစားအစာအလို့ငှာ ဈေးကွက်တင်၍ ရောင်းချကြသည်။ မကြာသေးမီလများအတွင်း ဂျပန်ငါးဖမ်းသင်္ဘောအုပ်စုသည် အန္တာတိတ်ဒေသအတွင်း ဝေလငါးကောင်ရေ ၆၈၀ ကို သတ်ဖြတ် ဖမ်းဆီးခဲ့ကြသည်။ ဂရင်းပိစ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့သည် ဂျပန်တို့၏ ယခုတစ်ကြိမ် ဝေလငါးဖမ်းထွက်မည့်ကိစ္စတွင် လက်တွေ့တစ်စုံတစ်ရာ ကန့်ကွက်လုပ်ဆောင်ခြင်း မရှိသေးသော်လည်း နှုတ်အားဖြင့်မူ ကန့်ကွက်ကြောင်း ကျယ်ကျယ်လောင်လောင် ညာသံပေး လျက်ရှိသည်။

မကြာသေးမီကာလက ဂျပန်ဝေလငါးဖမ်းသင်္ဘောအုပ်စုသည် ပင်လယ်ပြင်၌ ရက်ပေါင်း ၁၀၀နေထိုင်၍ ငါးဖမ်းရန် စီစဉ်ခဲ့ကြသည်။ ထိုသင်္ဘောအုပ်စုပင်လယ်ပြင်သို့ ရောက်သောအခါ စီးရှက်ပါးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအုပ်စု၏ အပြင်းအထန် ကန့်ကွက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်၍ ဂျပန်ငါးဖမ်းသင်္ဘောအုပ်စုသည် ပင်လယ်ပြင်၌ ရက် ၁၀၀ မနေတော့ဘဲ ရက်ပေါင်း ၁၆ရက်သာနေပြီး ဆိပ်ကမ်းသို့ ပြန်လှည့်ခဲ့ရသည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းများ

ကယ်လီဖိုးနီးယားပြည်နယ်သားနှစ်ဦး ဝက်တုပ်ကွေးရောဂါပိုး ကူးစက်ခံရ

လော့စ်အိန်ဂျလိစ် မေ ၂၃

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း အင်ပီရီယယ်နှင့် စန်ဒီယာဂိုအရပ်များတွင် ဝက်တုပ်ကွေးရောဂါပိုးကူးစက်ခံထားရသူ ကလေးငယ်နှစ်ဦးကို တွေ့ရှိရကြောင်း မေ ၂၃ ရက်တွင် ထွက်ပေါ်လာသော သတင်းက ဖော်ပြသည်။

ဒေသခံနှင့်ဗဟိုအစိုးရ ကျန်းမာရေးအရာရှိများက ရောဂါပိုးမည်သည့်နေရာမှ ကူးစက်သည်။ မည်သို့မည်ပုံ ကူးစက်သည်ကို သိရှိနိုင်ရန် စုံစမ်းလျက်ရှိကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ် သတင်းစာက ဖော်ပြသည်။

ဝက်တုပ်ကွေးရောဂါ ကူးစက်ခံရသူနှစ်ဦးမှာ အင်ပီရီယယ်ဒေသမှ ကိုးနှစ်အရွယ်မိန်းကလေးတစ်ဦးနှင့် စန်ဒီယာဂိုအရပ်မှ ၁၀ နှစ်အရွယ် ယောကျ်ားကလေးတစ်ဦးတို့ဖြစ်သည်။ ၎င်းတို့ နှစ်ဦးမှာယခုအခါ ကျန်းမာစွာရှိနေကြကြောင်း ကျန်းမာရေးဝန်ထမ်းများကို ကိုးကား၍ သတင်းကဖော်ပြသည်။ ထိုလူနာနှစ်ဦးစလုံးသည် တစ်ဦးနှင့် တစ်ဦးထိတွေ့မှု မရှိသလို ၎င်းတို့သည် ဝက်သတ္တဝါများနှင့်လည်း ထိစပ်ဖူးခဲ့ခြင်း မရှိကြသဖြင့် ရောဂါဖြစ်ကြောင်းကုန်စင်မှာ ထူးဆန်းလျက်ရှိသည်ဟု ဆိုသည်။ ***အင်တာနက်။***

အမေရိကန် ဒုံးကျည်ကာကွယ်ရေးစနစ်ကို အစ္စရေးဝယ်ယူရန် ဆန္ဒရှိ

ဂျေရုဆလင် မေ ၂၃

အစ္စရေးမြို့များပေါ်သို့ တာတိုပစ်ဒုံးကျည်များနှင့် စိန်ပြောင်းများ ကျရောက်မှုမှ ကာကွယ်နိုင်ရန် အမေရိကန်ဒုံးကာကွယ်ရေးစနစ်အား အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်က ဝယ်ယူရန် ဆန္ဒရှိနေကြောင်း ကာကွယ်ရေးဌာနက မေ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဘာရက်အနေဖြင့် ဇွန်လတွင် ဝါရှင်တန်သို့ အလည်အပတ်သွားရောက်ရာ၌ အဆိုပါ ဒုံးကာကွယ်ရေးစနစ်ကို အစ္စရေးနိုင်ငံသို့ ရောင်းချပေးရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်ကို မေတ္တာရပ်ခံမည်ဟု တာဝန်ရှိသူ များက ပြောကြားသည်။ သို့သော် အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ အမေရိကန်ထံမှ ဝယ်ယူလိုသော ဒုံးကာကွယ်ရေးစနစ်မှာ ရေအီယွန်ကုမ္ပဏီမှ ထုတ်လုပ်သော ဖော်လကန်-ဖီးလင့်ဒုံးကျည်ကာကွယ်ရေးစနစ်ဖြစ်သည်။ ထိုဒုံးကျည်ကာကွယ်ရေးစနစ်ကို အစ္စရေးတို့လက်ရှိ အသုံးပြုနေသော ဒုံးကျည်ကာကွယ်ရေးစနစ်များနှင့် တွဲစပ်၍ အသုံးပြုသွားရန် ရည်ရွယ်ကြောင်း သိရသည်။ ထို့အပြင် အစ္စရေးသည် အမေရိကန်တို့နှင့် ပူးပေါင်း၍လည်း ဒုံးကျည်ကာကွယ်ရေး လက်နက်နှစ်မျိုးကို ထုတ်လုပ်ထားသည်။ ကာကွယ်ရေးဌာနသည် အဆိုပါ ဒုံးကျည်ကာကွယ်ရေးစနစ်ကို ၂၀၀၃ခုနှစ်မှစတင်ကာသုတေသနပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် လက်ဘနွန်ဟဇ်ဘိုလာ ပြောက်ကျားများနှင့် တိုက်ပွဲများ ဖြစ်ပွားပြီးနောက်တွင် သုတေသနပြုလုပ်ခြင်းကို ပိုမိုအာရုံစိုက်လာခဲ့သည်။

အစ္စရေးနှင့် လက်ဘနွန်ဟဇ်ဘိုလာတို့ တိုက်ခိုက်ကြစဉ်က အစ္စရေးနိုင်ငံမြောက်ပိုင်းအတွင်းသို့ ကတ်တူးရှားဒုံးကျည် ၄၀၀၀ နီးပါးကျရောက် ပေါက်ကွဲခဲ့သည်။ ***အင်တာနက်။***

ကြိုးကြာအုပ်နှင့်အတူ လိုက်ပါပျံသန်းနေသော အပေါ့စား အပျော်စီးလေယာဉ်ငယ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မှုခင်းသတင်း

သေဆုံးဟန်ဆောင်၍ အသက်အာမခံငွေ ထုတ်ယူခဲ့သော ဇနီးမောင်နှံအဖမ်းခံရ

ဆိုးလ် မေ ၂၃

ခင်ပွန်းဖြစ်သူ မစ္စတာဆီအိုမှာ ပင်လယ်တွင်းသို့ လှေငယ်ဖြင့်သွားစဉ် အသက်ဆုံးရှုံးခဲ့ရသဖြင့် ဇနီးသည် မစ္စဆောင်မှာ ဝမ်းနည်းပက်လက် ဖြစ်ရသည်။ တောင်ကိုရီးယားနိုင်ငံ တွန်ယောင်မြို့တွင် မစ္စတာဆီအိုသည် လှေတစ်စင်းကိုငှားကာ ငါးဖမ်းထွက်သွားပြီးနောက် ထိုအဖြစ်အပျက် ပေါ်ပေါက်ခြင်းဖြစ်သည်။

မစ္စတာဆီအိုစီးသွားသော လှေ ပင်လယ်တွင်း၌ မျောနေသည်ကိုသာ တွေ့ရပြီးလူကိုမူ မည်သည့်နေရာတွင်မျှ ရှာ၍မတွေ့ဘဲရှိသည်။

အသုဘအခမ်းအနားကျင်းပရာတွင် မုဆိုးမ မစ္စဆောင်မှာ မူးမေ့၍လဲသွားခဲ့သည်။ ညာတာတတ်သော မိတ်ဆွေသင်္ဂဟများက မစ္စဆောင်နှင့် ကျန်ရစ်သူကလေးနှစ်ဦးအတွက် နာရေးကူညီငွေများ ရက်ရက်ရောရော ပေးကမ်းခဲ့ကြသည်။

မစ္စတာဆီအို ပျောက်သွားပြီး လပေါင်း ၂၀ ကြာသောအခါ အသက်အာမခံ ကုမ္ပဏီများက ဇနီးသည်အားလျော်ကြေးငွေ ဝမ် ၁ ဒသမ ၁ ဘီလီယံ(အမေရိကန်ဒေါ်လာ၆၀၀၀၀၀)ကို ထုတ်ပေးလိုက်သည်။

အဖြစ်မှန်မှာ အသက် ၃၅ နှစ်ရှိသူ မစ္စတာဆီအိုမှာ သေဆုံးခြင်းမဟုတ်ဘဲ အသက်ရှင်လျက် အကောင်းပကတိရှိနေဆဲဖြစ်သည်။ ထိုလိမ်လည်မှု ပေါ်ပေါက်သွားသဖြင့် ၎င်းတို့ဇနီးမောင်နှံမှာ ယခုအခါ အရေးယူခံရပြီ ဖြစ်သည်။

အလားတူ အဖြစ်အပျက်မျိုးသည် ၂၀၀၂ ခုနှစ်ကလည်း ပေါ်ပေါက်ခဲ့ဖူးသည်။ ထိုစဉ်က လိမ်လည်သူမှာ မျက်နှာဖြူဇနီးမောင်နှံ ဂျွန်ဒါဝင်နှင့် ၎င်း၏ဇနီး အင်နီတို့ဖြစ်သည်။ ၎င်းတို့သည် သေမှုသေခင်းအတုပြုလုပ်၍ အသက်အာမခံ လိမ်လည်ထုတ်ယူသဖြင့် ထောင်ဒဏ်အပြစ်ပေးခံခဲ့ရသည်။

ကိုရီးယားနိုင်ငံသား ဆီအိုသည် သောက်စားရာမှ အမူးလွန်ပြီး ၎င်းအာမခံငွေ မည်သို့မည်ပုံလိမ်လည်ထုတ်ယူမိသည်ကို ကြွားလုံးထုတ်မိသည့်အတွက် ကြားရသူက သွားရောက်တိုင်တန်းသဖြင့် အမှုမှန်ပေါ်ပေါက်ကာ အဖမ်းခံရခြင်း ဖြစ်သည်။

မစ္စတာဆီအိုတို့ ဇနီးမောင်နှံသည် တွန်ယောင်မြို့၌ လက်ဖက်ရည်ဆိုင်ဖွင့်ကာအသက်မွေးဝမ်းကျောင်းပြုနေစဉ် ဘဏ္ဍာရေးအကျပ်အတည်း ပြဿနာကြုံလာရသည်။ ထိုအကျပ်အတည်းကို ဖြေရှင်းရန် ဇနီးမောင်နှံသည် ကလိမ်စေ့ ငြမ်းဆင်ရာမှ ပြစ်မှုကျူးလွန်မိသည့်အဖြစ်သို့ ရောက်ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းက ဆိုသည်။

အာမခံဝန်ထမ်း

လက်ဖက်ရည်ဆိုင်မဖွင့်မီက မစ္စတာဆီအိုသည် အာမခံလုပ်ငန်း၌ ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူဖြစ်သည်။၎င်း၏ဇနီးသည်သည် အာမခံကုမ္ပဏီပေါင်းခြောက်ခုမှ လျော်ကြေးများကို လက်ခံရယူခဲ့သည်။ မစ္စတာဆီအိုသည် ပျောက်နေစဉ် သုံးနှစ်အတွင်း တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ကာ နေထိုင်ခဲ့သည်။ ***အင်တာနက်။***

စီးပွားရေးသတင်း

ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်နှုန်းအမြန်ဆုံး အာရှရပ်တည်လျက်ရှိဟု အိုင်အမ်အက်ဖ်ထုတ်ပြန်

ဝါရှင်တန် မေ ၂၃

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကို ကြည့်လျှင် အာရှဒေသသည် ကမ္ဘာပေါ်၌ စီးပွားရေးတိုးတက်နှုန်း အမြန်ဆုံးဒေသ အဖြစ်ရပ်တည်နေသည်ကို တွေ့ရကြောင်း ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)မှ အရာရှိတစ်ဦးက ပြောကြားသည်။

စီးပွားရေးတွင် အာရှဒေသသည် ဆက်လက်အားကောင်းနေမည်ဖြစ်သည်ဟု အိုင်အမ်အက်ဖ်၏ သုတေသနအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ချားကောလင်းက ပြောကြားသည်။ ထိုအဖွဲ့မှ ထုတ်ပြန်သော ကမ္ဘာ့စီးပွားရေးအမြင်သုံးသပ်ချက်စာအုပ်၌လည်း အာရှ၏ စီးပွားရေးအခြေအနေကို အထက်ပါအတိုင်းပင် ဖော်ပြထားသည်။

အလယ်ပိုင်းဥရောပဒေသနှင့် အရှေ့ဥရောပအတွင်း ပါဝင်သော ဒေသများ၏ စီးပွားရေး အလားအလာမှာ မှေးမှိန်နေဆဲဖြစ်သော်လည်း အာရှဒေသသည် ပြည်ပ ငွေကြေးအထောက်အပံ့ပေါ်တွင် အနည်းဆုံးအားထားရသည့် အခြေအနေ၌ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုအခြေအနေကြောင့် ကမ္ဘာ့စီးပွားရေးကို ပြန်လည်နာလန်ထူလာစေရေး ဖော်ဆောင်ရာ၌ အာရှသည် ဦးဆောင်သည့် အနေအထားမှ ပါဝင်လာနိုင်သည်ဟု ဆိုသည်။

တစ်ချိန်တည်း၌ပင် ကမ္ဘာ့စီးပွားရေးသည် ကျဆင်းလျက်ရှိပြီး နိုင်ငံအများအပြားအနေဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကျင့်သုံးလာနိုင်သည့် အန္တရာယ်လည်း ရှိနေကြောင်း အိုင်အမ်အက်ဖ် စီးပွားရေးသုံးသပ်ချက်တွင် သတိပေးဖော်ပြထားသည်။

ကမ္ဘာ့စီးပွားရေးတွင် ဝယ်လိုအားအများစုသည် စီးပွားရေး ဖွံ့ဖြိုးပြီး နိုင်ငံများအပေါ်၌သာအများဆုံး တည်မှီနေသည်။ သို့ဖြစ်၍ ထိုနိုင်ငံများတွင် အခြေအနေ မကောင်းလာမချင်း ကမ္ဘာ့စီးပွားရေးမှာ ပြန်လည် ခေါင်းထောင်လာစရာအကြောင်းနည်းပါးမည်ဟု အိုင်အမ်အက်ဖ်မှ ကျွမ်းကျင်သူ အော်လီဗာဘလင်ချဒ်က ပြောကြားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ပို၍ တောင့်တင်းခိုင်မာအောင်တည်ဆောက်ပြီးပြည်တွင်းဝယ်လိုအားကို ကောင်းလာအောင် ဆောင်ရွက်နိုင်လျှင် အာရှနိုင်ငံများ၏ စီးပွားရေးသည် အလားအလာ ကောင်းသည့် အခြေအနေရှိသည်။***အင်တာနက်။***

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့စွန် ရပ်ကွက်တွင် တာလီဘန်များ တိုက်ခိုက်မှုကြောင့် နေတိုးထောက်ပံ့ရေး လောင်စာဆီတင်ယာဉ်များ မီးလောင်နေသည်ကို မေ ၂၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စလောင်း၊ ဗန်းတို့ ရောင်းတန်းက ရပ်ချိန်တန်ကြပြီ

ကိုကြီး ငွေဇင်ယော်

ဂြိုဟ်တုစလောင်းဆိုသည်မှာ နိုင်ငံကြီးများက မိမိပိုင် မီဒီယာလက်နက်နှင့် ဖျော်ဖြေမှု အနုပညာကို ခုတုံးလုပ်၍ နိုင်ငံတကာကို မီဒီယာအရ ဩဇာလွှမ်းမိုးလာနိုင်စေရန် ရည်ရွယ်ထုတ်လွှင့်နေကြခြင်းဖြစ်။

ယခုအခါ၌ နိုင်ငံရေး အမှောင့် ပယောဂပါပူးကပ်ပြီး ပစ်မှတ်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်မှု၊ ဆူပူအုံကြွအောင် သွေးထိုးလှုံ့ဆော်မှု၊ ညစ်ညမ်းအစီအစဉ်များ ထုတ်လွှင့်၍ အမျိုးသားရေး စရိုက်လက္ခဏာ၊ အမျိုးသားရေးစိတ်ဓာတ်ကိုပါ ရိုက်ချိုးဖျက်ဆီးမှုများအထိ လက်ရဲဇက်ရဲ ကျူးကျော်နယ်ချဲ့လျက်ရှိ။

ထို့ကြောင့် ကျွန်တော်တို့ စလောင်းကြည့်နေကြခြင်းသည် အဆိပ်အတောက်များ၊ ဝါဒမှိုင်းများ၊ အညှီအဟောက်များကို ပိုက်ဆံပေးပြီး ဝယ်နေကြသည့် သဘောပင်ဖြစ်သည်ဟု ဆိုနိုင်။

ပင်စင်စားဘဝတွင် နိစ္စပတ်တစ်ခုလို ပုံမှန်အချိန်ပေး ဆောင်ရွက်ဖြစ်လာသည့် အလုပ်တစ်ခုက အပေါင်းအသင်း မိတ်ဆွေရင်းတစ်စုနှင့် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်မှာ ဝိုင်းဖွဲ့စကားပြောဖြစ်ခြင်း ဖြစ်သည်။ ရောက်တတ်ရာရာဟု အကြမ်းဖျင်းဆိုနိုင်သော်လည်း ကုန်ဈေးနှုန်းလည်း ပါသည်။ ကားဈေးနှုန်းလည်းပါသည်။ ကမ္ဘာ့ဖလားနှင့် နိုင်ငံတကာဘောလုံးပွဲစဉ် အနိုင်အရှုံး၊ ဂိုးသွင်းဂိုးဝင်မှုအစ ဖတ်ဖြစ်သည့် နေ့စဉ်သတင်းစာနှင့် ဂျာနယ်တို့ထဲက နယ်သတင်း၊ ကမ္ဘာ့သတင်း၊ ရုပ်ရှင်၊ စာပေ၊ ဂီတ၊ မီဒီယာကျင့်ဝတ်၊ ဆောင်းပါးရှင်တို့အာဘော်၊ အမျိုးသားနိုင်ငံရေး၊ ခေတ်ရေး စသည်ဖြင့် စုံလင်၍နေပေသည်။ ပင်စင်စားဘဝမှာလည်း စီနီယာ၊ ဂျူနီယာ လာ၍ရှိနေကြသည်။ ပင်စင်စားချင်း သူမှန်ကိုယ်မှန် အနိုင်မခံ အငြင်းသန်လိုလှသည်။ ရေနွေးကြမ်းနှင့် ဆွေးနွေးသည့်အဆင့်ကနေ အာပေါင်အာရင်းသန်သန် ငြင်းခုန်သည်အထိလည်း ရှိလာတတ်ကြသည်။

တစ်မနက်က ထိုင်ဖြစ်ကြသည့်ဆိုင်မှာတော့ ထိုပင်စင်စားတစ်စု၏ ရောက်တတ်ရာရာခေါင်းစဉ်သည် ဂြိုဟ်တုစလောင်းဘက်သို့ ဦးလှည့်သွားသည်။ တလောဆီက ပါရှိလာသည့် "အဆိပ်ပင်ကို ရေမလောင်းသင့်ပါ" ဆိုသောသတင်းစာဆောင်းပါးနှင့်ပတ်သက်၍ ကျွန်တော်ကလည်း ပင်စင်မစားမီဘဝက အစိုးရဌာနတာဝန်ဖြင့် အိမ်နီးနားချင်း အာဆီယံနိုင်ငံအချို့သို့ အရောက်အပေါက်လေး ကြုံခဲ့ဖူးသဖြင့် ကိုယ်တွေ့ခဲ့ဖူးတာနဲ့ ကိုယ့်အမြင်တို့ကို ဝင်ပြောဖြစ်သည်။

တကယ်တမ်း နည်းလမ်း တကျ ပြောကြလျှင် မည်သည့်နိုင်ငံမှာမဆို မီဒီယာ Control သည် ရှိကို ရှိနေရမည် ဖြစ်သည်။ ရှိသင့်ရှိအပ်သည့် အထိန်းအကွပ်တစ်ရပ်ဖြစ်၍ မီဒီယာ Control ရရှိအောင် ဦးတည်ချက်ရှိရှိ ကြိုးပမ်းဆောင်ရွက်ချက်များကို ထောက်ခံကြိုဆိုကြရမည်သာ ဖြစ်ပေသည်။ စင်စစ်အားဖြင့် မီဒီယာ Control သည် ပြည်သူအများကို အခြေအမြစ်ခိုင်မာမှန်ကန်မှုရှိသည်ဟု အာမခံနိုင်သည့် သတင်းထုတ်ပြန်မှုမျိုး၊ ယဉ်ကျေးမှုအရ သရုပ်သကန်၊ ပုံသဏ္ဌာန်အစစ်အမှန်ဖြစ်သည်ဟု အာမ ခံနိုင်သည့် ဖျော်ဖြေမှုမျိုး၊ သိပ္ပံ၊ ဝိဇ္ဇာ၊ နည်းပညာ၊ လူမှုရေးရာ၊ လောကဝတ်၊ ဓမ္မဝတ်၊ မင်္ဂလာတရားတော်တို့အရ အမှားအယွင်းမရှိဟု အာမခံနိုင်သည့် ပညာပေးမှုမျိုးဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက် စိစစ်ပေးခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်သူတို့ ကာယသုခ၊ စိတ္တသုခ ပြည့်ဝစွာ ရရှိစေရေးတွင် သန့်စင်သောလေကို ဝဝလင်လင် ရှူရှိုက်နိုင်ကြရအောင် ပြုလုပ်ပေးသည့်ပမာ စိတ်၏အစာ၊ စိတ်အာဟာရများ သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ကြရအောင်၊ အဆိပ်အတောက်ကင်းစင်သော စိတ်၏အစာ၊ စိတ်အာဟာရများအဖြစ် စိတ်ချရလေအောင်၊ ပြည်သူတို့အပေါ် ဘေးအန္တရာယ် မရှိရအောင် စီစဉ်ကာကွယ်ပေးခြင်းလည်းဖြစ်သည်။ နိုင်ငံတကာတွင် သူ့နည်း သူ့ဟန်နှင့် မီဒီယာ Control ရှိနေကြပါသည်။ မိမိတို့၏ ရေမြေတောတောင်ရာသီ၊ ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ဘဏ္ဍာရေး အခြေအနေနှင့် တတ်နိုင်စွမ်းမှု အဆင့်အတန်းတို့ကိုလိုက်၍ ကျင့်သုံးမှုချင်း ခြားနားတတ်သည်သာ ရှိပါသည်။

ပင်စင်စားများနှင့် ဆွေးနွေးရင်းက "စလောင်းဆိုသည်များ၏ အဆိုးအကောင်း အကျိုးအကြောင်း"ကို သတင်းစာဖတ်ပရိသတ်မှတစ်ဆင့် ပြည်သူတစ်ရပ်လုံးကို တင်ပြလိုသည့်စိတ်များ ဖြစ်ပေါ်လာရသည်။

စလောင်းဆိုသည်က မြန်မာတွေပီပီ မြင်သာထင်သာအောင် ကင်ပွန်းတပ်လိုက်ခြင်းဖြစ်သည်။ တိတိကျကျ ပြောရလျှင်တော့ Satellite Receiver ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ဟု ခေါ်ရမည်ဖြစ်သည်။ သတင်းစာများသည် သမိုင်းကိုပြောနေကြသည်ဟူသည့်အဆိုမှာ သွေးထွက်အောင်မှန်လှပေသည်။ ဒီမြန်မာတွေနှင့် သည်စလောင်း၏ ဇာစ်မြစ်ကိုသိလို၍ အမျိုးသားစာကြည့်တိုက်၏ အကူအညီဖြင့် နှစ်ဟောင်းက နေ့စဉ်သတင်းစာတွေကို လှန်လှောဖွေရှာလိုက်သည့်အခါ ၁၉၉၃ ခုနှစ်က ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ကြေညာချက်အမှတ် (၁/၉၃) ကို သွား၍တွေ့ရသည်။ တရားဝင်ခွင့်ပြုချက်မရှိဘဲ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ လက်ဝယ်ထားခြင်းကိစ္စဟု ခေါင်းစဉ်တပ်ထားသည်။ သည်ကတစ်ဆင့်တိုး၍ လိုက်လံလေ့လာသည့်အခါ ၁၉၉၃ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှာ ထုတ်ပြန်သည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အမိန့်အမှတ် (၁/၉၃) "ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာအမိန့်" ဆိုသည်ကိုလည်း မြန်မာနိုင်ငံပြန်တမ်းမှာ သွား၍တွေ့ရသည်။

ဖတ်မိသည့် ရယ်ရွှင်စရာတစ်ခုကိုလည်း မှတ်မိ၍နေသေးသည်။ တပ်မတော်အစိုးရ တာဝန်ယူပြီးနောက် ရေးသားထုတ်ဝေခွင့်များ ရရှိလာချိန်၊ ဂျာနယ်များ အများအပြားထုတ်ဝေလာသည်ဟု ပြောနိုင်လောက်သည့် အချိန်မှာ နိုင်ငံတကာဂြိုဟ်တုသတင်းဂျာနယ် အမည်ဖြင့် ဂျာနယ်တစ်စောင် ထုတ်ဝေခဲ့သည်။ ၂၀၀၁ ခုနှစ်မှစတင်၍ ၂၀၀၄-၂၀၀၅ ခုနှစ်လောက်ထိ ထုတ်ဝေဖြစ်ခဲ့သည်ဟု ထင်သည်။ ဂျာနယ်မျက်နှာဖုံးပါ ဆောင်ပုဒ်နှင့် ဂျာနယ်၏ ကြော်ငြာထည့်သွင်းချက်တို့မှာ "ဤဂျာနယ်ကို ဝယ်ယူဖတ်ရှုနေလျှင် ဂြိုဟ်တုစလောင်းတပ်ဆင်စရာ၊ ရှိစရာမလို"ဟူ၍ဖြစ်သည်။

တကယ့်တကယ်တော့ ဂြိုဟ်တုစလောင်းကို သံယောဇဉ်ထား အစွဲအလမ်းထားနေခြင်းသည် ရေလိုက်လွဲခြင်းဖြစ်သလို အန္တရာယ်လည်း ကြီးမားလှကြောင်း ပြည်သူအချို့ကမသိရှာကြပါ။ နိုင်ငံအများတွင် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ကို အများပြည်သူထဲမှာ ပုဂ္ဂလိကပိုင်အနေဖြင့် တိုက်ရိုက်သုံးစွဲခွင့်မရှိစေရန် အစိုးရအဖွဲ့များက တင်းတင်းကျပ်ကျပ် ထိန်းသိမ်းထားသည်။ နိုင်ငံအတော်များများတွင် Media Development Authority ဖွဲ့စည်းထားပြီး ဝင်ရောက်ချုပ်ကိုင်ပေးသည်။ CA စနစ်ဟု ခေါ်သော Community Antenna (တစ်နေရာတည်းကသာ ဖမ်းယူပြီး နေရာအများသို့ ဖြန့်ဝေပေးသောစနစ်)ဖြင့် တပ်ဆင်သုံးစွဲစေသည်။ နိုင်ငံအချို့တွင် ဂြိုဟ်တုစလောင်းသုံးစွဲမှုနှင့် ပတ်သက်ပြီး လေ့လာကြည့်ရာတွင် ဂြိုဟ်တုစလောင်းသုံးစွဲမှုကန့်သတ်ချက်ကို အောက်ပါအတိုင်း တွေ့ရှိခဲ့ရပါသည်-

စဉ်	နိုင်ငံအမည်	ဂြိုဟ်တုစလောင်းသုံးစွဲမှုကန့်သတ်ချက်
၁	စင်ကာပူ	အများပြည်သူသုံးစွဲခြင်းကို တရားဝင်ခွင့်ပြုထားခြင်းမရှိပါ။ ဘဏ်၊ စီးပွားရေးအဖွဲ့အစည်းများ၊ သံတမန်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဆင့် ဟိုတယ်ကြီးများ၊ နိုင်ငံခြားဘာသာသင်ကျောင်းများနှင့် တက္ကသိုလ်များကို စိစစ်ခွင့်ပြုပေးသည်။ အခွန်ပေးဆောင်ရသည်။
၂	မလေးရှား	အများပြည်သူသုံးစွဲခြင်းကို တရားဝင်ခွင့်ပြုထားခြင်းမရှိပါ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွင့်ပြုသည်။ အဖွဲ့အစည်းအချို့ကို စိစစ်၍သာခွင့်ပြုသည်။ အခွန်ပေးဆောင်ရသည်။
၃	အင်ဒိုနီးရှား	အများပြည်သူသုံးစွဲခြင်းကို တရားဝင် ခွင့်ပြုထားခြင်းမရှိပါ။
၄	တရုတ်ပြည်သူ့သမ္မတနိုင်ငံ	အများပြည်သူသုံးစွဲခြင်းကို တရားဝင် ခွင့်ပြုထားခြင်းမရှိပါ။ သံတမန်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဆင့် ဟိုတယ်ကြီးများ၊ နိုင်ငံခြားသားများနေထိုင်သည့် ရပ်ကွက်များ၌ စိစစ်ခွင့်ပြုပေးသည်။ အခွန်ပေးဆောင်ရသည်။
၅	ပါကစ္စတန်	ရောင်းဝယ်ခြင်း၊ တပ်ဆင်ခြင်း၊ သုံးစွဲခြင်းကို လုံးဝတားမြစ်ထားသည်။
၆	အီရန်	အများပြည်သူသုံးစွဲခြင်းကို တရားဝင် ခွင့်ပြုထားခြင်းမရှိပါ။

အမှန်စင်စစ် ဂြိုဟ်တုစလောင်းဆိုသည်မှာ နိုင်ငံကြီးများက မိမိပိုင် မီဒီယာလက်နက်နှင့် ဖျော်ဖြေမှုအနုပညာကို ခုတုံးလုပ်၍ နိုင်ငံတကာကို မီဒီယာအရ ဩဇာလွှမ်းမိုးလာနိုင်စေရန် ရည်ရွယ်ထုတ်လွှင့်နေကြခြင်းဖြစ်ပါသည်။ ၎င်းအပြင် ယခုအခါ၌ နိုင်ငံရေး အမှောင့်ပယောဂပါပူးကပ်ပြီး ပစ်မှတ်နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်မှု၊ ဆူပူအုံကြွအောင် သွေးထိုးလှုံ့ဆော်မှု၊ ညစ်ညမ်းအစီအစဉ်များထုတ်လွှင့်၍ အမျိုးသားရေး စရိုက်လက္ခဏာ၊ အမျိုးသားရေးစိတ်ဓာတ်ကိုပါ ရိုက်ချိုးဖျက်ဆီးမှုများအထိ လက်ရဲဇက်ရဲ ကျူးကျော်နယ်ချဲ့လျက်ရှိကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့ စလောင်းကြည့်နေကြခြင်းသည် အဆိပ်အတောက်များ၊ ဝါဒမှိုင်းများ၊ အညှီအဟောက်များကို ပိုက်ဆံပေးပြီး ဝယ်နေကြသည့်သဘောပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

စလောင်းချန်နယ်များကို သုံးသပ်ကြည့်ပါက နိုင်ငံသားတို့၏ စည်းကမ်းနှင့် စနစ်တကျရှိမှုကို ထိခိုက်ပျက်ပြားစေသည့် ချန်နယ်များ၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် အကျင့်စာရိတ္တကို ယိုယွင်းပျက်စီးစေသည့် ချန်နယ်များ၊ အမျိုးသားရေး စိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို ယိမ်းယိုင်ချည့်နဲ့စေသည့် ချန်နယ်များ၊ ရာဇဝတ်မှုဘက်ကို တွန်းပို့ပြီး အမှားသံသရာလည်စေနိုင်သည့် ချန်နယ်များ စသည်ဖြင့် ကောင်းကျိုးထက် ဆိုးကျိုးဘက်ကို ပို၍ အလေးသာနေသည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံအသီးသီးတွင် ဂြိုဟ်တုစလောင်း တားမြစ်ပိတ်ပင်မှုများ၊ ထိန်းချုပ်မှုများကို ကိုယ့်အစီအစဉ်နှင့်ကိုယ် လုပ်ဆောင်နေကြရခြင်း ဖြစ်ပေသည်။ ထိုအချက်မှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းက ကိုယ့်အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် မဖြစ်မနေ လုပ်ဆောင်ကြရမည့် အမျိုးသားရေး တာဝန်တစ်ရပ်ဟုပင် သတ်မှတ်ရမည်ဖြစ်ပါသည်။

ထို့ကြောင့် တပ်မတော်အစိုးရလက်ထက် ပြန်ကြားရေးနှင့် ရုပ်သံလွှင့်ကဏ္ဍတွင် ရုပ်မြင်သံကြား ထုတ်လွှင့်မှုအပိုင်း၌ အင်နာလော့စနစ်ဖြင့် ထုတ်လွှင့်မှုအပြင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်မှုကိုပါ မြို့နယ်ပေါင်းများစွာသို့ရောက်ရှိအောင် မြှင့်တင်ဆောင်ရွက်ပေးခဲ့ပါသည်။ထိုသို့ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ပြည်သူများသည် ယခင်က ဂြိုဟ်တုစလောင်းသုံးစွဲမှုသာ ဖမ်းယူကြည့်ရှုနိုင်ခဲ့ကြသည့် အစီအစဉ်များကို ယခု ဂြိုဟ်တုစလောင်းမလို တော့ဘဲ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများမှ ဖမ်းယူကြည့်ရှုလာနိုင်ကြပြီ ဖြစ်သည်။ ကတ်သုံးစနစ် (Pay TV) များဖြင့် ကြည့်ရှုလာနိုင်ကြပြီ ဖြစ်သည်။ ချန်နယ်ပေါင်း ၂၀ ကျော်အထိ ကြည့်ရှုနိုင်ကြပြီဖြစ်ကြောင်းနှင့် သက်ဆိုင်ရာက ဆက်လက်၍လည်း တိုးချဲ့ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရှိရသည်။

ကျွန်တော် ရှာဖွေလေ တွေ့ရှိလေ. . . ဖြစ်ခဲ့သော အထက်က ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာအမိန့်(အမိန့်အမှတ် ၁/၉၃) မှာ ပါရှိသည့်အတိုင်းဆိုပါလျှင် အပိုဒ်(၁၇)မှာ "မည်သူမျှ လိုင်စင်မရှိဘဲ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာ ကြိုးမဲ့ကြေးနန်း ပစ္စည်းကိရိယာတစ်ခုခုကို ထုတ်လုပ်ခြင်း၊ သို့မဟုတ် ရောင်းချခြင်းမပြုရ" ဟု အတိအလင်း ပြဋ္ဌာန်းဖော်ပြထားပြီးလည်းဖြစ်သည်။ ရှာဖွေလေ တွေ့ရှိလေမှဆက်၍ ဇာစ်ဇာစ်မြစ်မြစ် စုံစမ်းကြည့်ပြန်သည့်အခါ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဦးစီးဌာနတို့ကလည်း မည်သူတစ်ဦးတစ်ဖွဲ့ကိုမျှ ယင်းသို့ ထုတ်လုပ်နိုင်အောင်နှင့် ရောင်းချနိုင်အောင် ခွင့်ပြုခဲ့သည်၊ လိုင်စင်ပြုလုပ်ပေးခဲ့သည်ဟူ၍ မရှိ(မရှိ)ကြောင်း သိရှိရသည်။

ပင်စင်စား မိတ်ဆွေတစ်စု၏ လက်ဖက်ရည်ဆိုင် စကားဝိုင်းကို အကြောင်းပြု၍ အကျိုးရှိစွာ သိရှိခဲ့ရခြင်းကို မိတ်ဆွေများအပေါ် ကျေးဇူးတင်ရမည်ဖြစ်သည်နှင့်အတူ နေရာတော်တော်များများမှာ ဆိုင်းဘုတ်လည်း ရေးတင်၊ ဆိုင်ပေါ်မှာလည်း ခင်းထားသည့် စလောင်း၊ ဗန်းတို့ကို ရောင်းတန်းက ရပ်ကြဖို့ အချိန်တန်ပြီဖြစ်ကြောင်း စေတနာကောင်းဖြင့် ကြေညာမောင်းခတ်လိုက်ရပါသည်။ ။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေး ဗဟိုဌာနကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၃

မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေသည် ဧပြီ ၁၁ရက်တွင် ဆိပ်ဖြူမြို့နယ် လက်ဆည်ကျေးရွာအုပ်စု၌ နွေစပါးစုပေါင်း ဓာတ်မြေသြဇာ ကြဲပက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ပေါက်မြို့နယ် ရှားပင်ရေကျေးရွာ၌ တောင်သူ ဦးကြည်ဝင်း၏ ပေါင်းစည်းလယ်ယာဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဥက္ကဋ္ဌသည် ပေါက်မြို့နယ် အုန်းတောကျေးရွာ၌ ကျင်းပသည့် စပါးခွံဓာတ်ငွေ့သုံး မီးစက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တိုင်းလျှပ်စစ်အင်ဂျင်နီယာနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဥက္ကဋ္ဌက မီးစက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ မီးစက်မောင်းနှင် အသုံးပြုမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍တိုင်းဥက္ကဋ္ဌသည် အဆိုပါ အုန်းတောကျေးရွာ၌ နွေစပါးစုပေါင်း မြေသြဇာကြဲပက်ပွဲသို့ လည်းကောင်း၊ ရေစကြိုမြို့နယ် ရွှေကုန်းကျေးရွာအုပ်စု ဝက်ခုတ်ကျေးရွာအနီး ဝက်ခုတ်ဘေလီ သံပေါင်တံတား တည်ဆောက်ပြီးစီးမှုနှင့် နွေစပါးများ စိုက်ပျိုးပြီးစီးမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းဥက္ကဋ္ဌသည် မြိုင်မြို့နယ် ပန်းစွာကျေးရွာအုပ်စု၌ နွေစပါးစိုက်ပျိုးမှု၊ တောင်သူ ဦးသန်းလွင်၏ ပေါင်းစည်းလယ်ယာ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ရေစကြိုမြို့နယ် ပေကုန်းကျေးရွာအနီး ပေကုန်းရေတံခါးကြွခိုင်ကောင်းမွန်မှုနှင့် သုံးပန်လုကျေးရွာ ရေထိန်းတံခါး ကြွခိုင်ကောင်းမွန်မှု အခြေအနေတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းဥက္ကဋ္ဌသည် ရေစကြိုမြို့နယ် သမန္တပို့ကျေးရွာအနီး သမန္တပို့ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၌ ရေတင်စက်ကြွခိုင်ကောင်းမွန်မှုနှင့် နွေစပါး စိုက်ပျိုးရေပေးဝေနေမှုကိုလည်းကောင်း၊ ချစ်သူကျေးရွာအနီးရှိ ချစ်သူ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၌ ရေတင်စက်၊ ရေပေးမြောင်းများ ကြွခိုင်ကောင်းမွန်မှုနှင့် နွေစပါး စိုက်ပျိုးရေပေးဝေနေမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဥက္ကဋ္ဌသည် ကန်ဒေါင့်ကျေးရွာ၌ နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ကန်ဒေါင့်အင်း ရေထုတ်မြောင်း တူးဖော်နေမှုကိုလည်းကောင်း၊ ပခုက္ကူမြို့တွင် မြန်မာ့မီးရထား၏ ဇလီဖားတုံး စက်ရုံ တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဧပြီ ၁၉ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာနကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ဝန်ကြီးအား မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းနှင့် တာဝန်ရှိသူများက ဘင်္ဂလားပင်လယ်အော်နှင့် ဆက်စပ်လျက်ရှိသော ပင်လယ်ပြင်၌ မုန်တိုင်းများဖြစ်ပေါ်ပါက ၂၄ နာရီ အချိန်ပြည့် ပြည်တွင်း၊ပြည်ပမှသတင်းအချက်အလက်များကိုရယူ၍ မုန်တိုင်းအခြေအနေ တိုင်းထွာချက်များကို အချိန်နှင့်တစ်ပြေးညီ မုန်တိုင်းသတင်း ထုတ်ပြန်နိုင်မှု အခြေအနေများ၊ ကွန်ပျူတာဆော့ဝဲလ် အသုံးပြု၍ မုန်တိုင်းကျရောက်မည့် ဒေသများ၌ မုန်တိုင်းဒီရေ တက်ရောက်နိုင်မှုကို ခန့်မှန်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ နေ့စဉ်မိုးလေဝသသတင်းထုတ်ပြန်မှု အခြေအနေများ၊ မြေငလျင် လှုပ်ရှားမှုဆိုင်ရာ သတင်းအချက်အလက်များ လက်ခံရရှိမှု အခြေအနေများနှင့် မြန်မာနိုင်ငံရှိမြစ်ကြီးများ၏ နေ့စဉ်မြစ်ရေအခြေအနေတိုင်းထွာရရှိချက်များနှင့် မြစ်ရေကြီးနိုင်မှု ခန့်မှန်းချက်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးစစ်ဆေး

ရန်ကုန် ဧပြီ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရွှေဘို)မှ ခရိုင်ဦးစီးမှူး ဦးဗိုလ်ဝင်း ဦးဆောင်သော အဖွဲ့သည် စက်မှုကျွမ်းကျင်-၂ ဦးဇော်အောင်၊ စက်မှုကျွမ်းကျင်-၃ ဦးမျိုးမင်းဦး၊ ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်ဝင်းနှင့် မီးသတ်ဦးစီးဌာန၊ မြို့နယ်မထသတို့မှ အဖွဲ့ဝင်များ ပူးပေါင်း၍ မတ် ၁၉ ရက်တွင် ရွှေဘိုမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းမှ ဒေသအသီးသီးသို့ ထွက်ခွာမည့် အဝေးပြေး ခရီးသည်တင်ယာဉ်များနှင့် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျထိန်းသိမ်းမောင်းနှင်ခြင်း ရှိ၊ မရှိနှင့် မီးသတ်ဆေးဘူးများ တပ်ဆင်ခြင်း ရှိ၊ မရှိတို့ကို အထူးရှောင်တခင်စစ်ဆေး ပညာပေး အရေးယူဆောင်ရွက်ခဲ့သည်။

(အပေါ်ပုံ) (ကုန်းလမ်းပို့ဆောင်ရေး)

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်(ယခင် အောင်ဇေယျမူလတန်းကျောင်း) အမက (၁၈)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်များ၊ ၁၉၅၉-၁၉၇၀ အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မေ ၁ရက် (အလုပ်သမားနေ့) နံနက် ၁၀ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးနေ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲသို့ တက်ရောက်ကြပါရန် အလှူငွေနှင့် ပစ္စည်းများကို ဦးသန်းအေး၊ ဦးအောင်မျိုး၊ ဦးအေးကို ဖုန်း- ၆၉၀၄၉၅၊ ဒေါ်အေးသိန်း-(မြင့်မာလာဆေးခန်း)၊ ဦးလှသိန်း ဖုန်း-၆၉၀၃၄၆၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာထွေး အမက(၁၈) ဖုန်း-၆၉၉၂၀၂၊ ၆၉၉၁၉၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနယူးစ်ဝိဇ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၃

'ဘုရားဖူးဘတ်စ်ကား ရန်ကုန်-စစ်တွေလမ်း၌ တိမ်းမှောက်မှု၊ မဟာဝိဇယစေတီတော်မြတ်ကြီးအား ဘာဏုရာဇာနေမင်းက ဦးခိုက်' သတင်းပါရှိသည့် မြန်မာနယူးစ်ဝိဇ်ဂျာနယ်အတွဲ (၂)အမှတ်စဉ်(၇၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိဇ်ဂျာနယ်တွင် T-Home ရေကစားမဏ္ဍပ်တွင် ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ အတာသင်္ကြန်ပွဲကို စည်ကားစွာကျင်းပပြုလုပ်ခဲ့၊ ပြည်သူ့ရင်ပြင်ဥယျာဉ်ကို မာတီပါပိုစ့်ပုဂ္ဂလိက ကုမ္ပဏီက ငှားရမ်းခွင့်ရရှိ၊ တရုတ်မြန်မာနယ်စပ်ရွှေလီမြို့တွင် မြန်မာကလေးငယ်တစ်ဦး အသတ်ခံရပြီး ညီဖြစ်သူပျောက်ဆုံး၊ သင်္ကြန်မဏ္ဍပ်ရောင်းရန်ရှိသည်။ စိုးပြည့်သဇင်ပြောတဲ့ သူ့ဘဝက အနုပညာနဲ့ တည်ဆောက်ထားပါတယ်။ မြန်မာ့အသင့်စား လက်ဖက်သုပ်များ မလေးရှားနှင့် စင်ကာပူတို့၌ စစ်ဆေး၊ ချစ်လွန်းလို့ သတ်မိတာပါ။ ရေယာဉ်ကြီးများ ရပ်နားမှုကြောင့် ရှပ်ပြေးရေယာဉ်များအတွက် ဝင်ငွေပိုတိုးလာ၊ ဒေါက်တာမေမြတ်နိုး၏ MIGRAINE ရဲ့ နိဂုံး၊ စိုင်းစိုင်းခမ်းလှိုင်ရဲ့ အသက်သုံးဆယ်ပြည့် မွေးနေ့ပွဲ၊ လပြည့်ဝန်းပလာဇာ၏ (၆)ကြိမ်မြောက် စင်တင်တေးဂီတ ဖျော်ဖြေပွဲ၊ ငါးဖမ်းစက်လှေများ ရပ်နားထားမှုကြောင့် ငါးဝင်လျော့သော်လည်း ငါးဈေးနှုန်းမြင့်တက်သွားခြင်းမရှိသေး၊ စတန့်မင်းသားကြီး ဂျက်ကီချန်းနှင့် တွေ့ဆုံခန်း၊ အကြွေးတင်နေသော ပဲကုန်သည်ငါးဦး၏ ပိုင်ဆိုင်သောပစ္စည်း လေလံတင်၊ မြန်မာလေယာဉ်မှူးမောင်းသည့် ပို့စ်စကင်ရေးလေယာဉ်တစ်စင်း အင်ဒိုနီးရှားနိုင်ငံ ပါပူအာကျွန်းတွင် ပျက်ကျ၊ ဘစ်ဂျလီမုန်တိုင်းက မြန်မာနိုင်ငံကို သက်ရောက်မှုမရှိ၊ မီသိန်းဓာတ်ငွေ့မှ လျှပ်စစ်မီးထုတ်မည်၊ ငါးချဉ်များကို အပူပေးစားသုံးပါက ဝမ်းပျက် ဝမ်းလျှောရောဂါပိုးများ သေကျေစေနိုင်၊ ခိုးကူးသူများ အန္တရာယ်ကြောင့် သင်္ကြန်သီချင်းများ အထွက်နည်း၊ ကျည် (၈၄)တောင့် ပစ်သွင်းခြင်းခံရသော ကားမှ မသေဘဲ ကျန်ရစ်သူ ဖိုးကံကောင်း၊ ဒေါက်တာခင်မောင်ညွန့်၏ Green Tourism အကြောင်း သိကောင်းစရာ၊ အစ္စရေးလေတပ်မှ နာရီပိုင်းကြိုတင် သတိပေးမှုဖြင့် အီရန်အား တိုက်ခိုက်ရန်ပြင်ဆင်၊ နှစ်(၂၀၀)အတွင်း အမေရိကန်သင်္ဘော ပထမဦးဆုံးအကြိမ် ပြန်ပေးဆွဲခံရ၊ အီရန်ကို ဗုံးကြဲရန်အော်နေသော အစ္စရေး၊ အစ္စရေးနိုင်ငံခြားရေးဝန်ကြီးက ငြိမ်းချမ်းရေးရလိုလျှင် စစ်တိုက်ရမည်ဟုပြောကြား၊ နော်ဝေးရေနံတင်သင်္ဘော ပြန်ပေးဆွဲရန် ကြံစည်သော ပင်လယ်ဓားပြများအား နေတိုးတပ်မှ ဖြိုခွဲ စသည့် နောက်ဆုံးရ ပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိဇ်ဂျာနယ်အား အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟုသိရသည်။ (သတင်းစဉ်)

မန္တလေးနန်းမြို့အတွင်းရှိ ကျောက်တိုင်ကွင်းအဝင်လမ်း ကတ္တရာခင်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်

မန္တလေး ဧပြီ ၂၀

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၆ ရက်က အောင်မြေသာစံမြို့နယ် မန္တလေးနန်းမြို့တွင်းရှိ ကျောက်တိုင်ကွင်း အဝင်လမ်းအား ကတ္တရာလမ်းခင်းရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်အတွင်းရှိ အင်္ဂါ အထွက်လမ်းများ အနေအထားနှင့် တံခွန်တိုင်ဈေး ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေနှင့်ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဇီဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲခြင်း လုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ခြံအမှတ်(၁) အတွင်း ပေါင်းစည်းလယ်ယာမြေ ငါးကေတွင် စိုက်ပျိုးထားသည့် ခရမ်း၊ မုန်ညင်း၊ ငရုတ်၊ တာချီဆိုင် စိုက်ပျိုးပြီးစီးမှုနှင့် ပေါင်းမြက်ရှင်းလင်းခြင်း၊ ရေလောင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မဇ)

ကန့်ဘလူမြို့နယ် ထန်းတောကျေးရွာ အများသုံးစက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုအား ဧပြီ ၁ရက်က ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ-၂ ဦးကျော်မင်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး စမ်းချောင်းမြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာန ပြင်ပလူနာအဆောက်အအုံ မွမ်းမံပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(ကျန်းမာရေး)

ပြင်ပလူနာအဆောက်အအုံ မွမ်းမံပြင်ဆင်ထားရှိမှု ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် မေ ၂၂ ရက်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာန ပြင်ပလူနာအဆောက်အအုံ မွမ်းမံပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စမ်းချောင်းမြို့နယ်တွင်းရှိ ရပ်ကွက်များမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ စမ်းချောင်းမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို ဆွေးနွေးမေးမြန်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

* ရွှေဖုံးမှ

ရှင်းလင်းတင်ပြပြီး တိုင်းမှူးက နွေစပါးစိုက်ဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားကာ ဆင်တပ်လျှပ်စစ်မြစ်ရေတင်မှ နွေစပါးစိုက်ဧရိယာများသို့ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးသည် မြင်းမူမြို့နယ် ပျော့ရွာကျေးရွာအနီးရှိ ပျော့ရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက စီမံကိန်းအမြန်အကောင်အထည်ဖော်ပြီးစီးရေးနှင့် စစ်ကိုင်းခရိုင်အတွင်း ဆန်ဖူလုံမှုရှိစေရေးအတွက် လိုအပ်သည်များကို အသေးစိတ်မှာကြားကာ ပျော့ရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေး၍ ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရေသွင်းစိုက်ပျိုးပြီး

အဆိုပါ ဆင်တပ်နှင့် ပျော့ရွာ မြစ်ရေတင်စီမံကိန်းများ ပြီးစီးပါက ဆင်တပ်လျှပ်စစ်မြစ်ရေတင်မှ လယ်မြေ ၁၆၂၄ ဧက၊ ယာမြေ ၄၈၇၄ ဧကနှင့် ပျော့ရွာ လျှပ်စစ်မြစ်ရေတင်မှ လယ်မြေဧက ၁၃၀၀၊ ယာမြေဧက ၃၇၀၀ တို့ကို တစ်နှစ်ပတ်လုံး ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ လက်ရှိ စီမံကိန်း ဆောင်ရွက်နေစဉ် ကာလအတွင်း ဆင်တပ်လျှပ်စစ်မြစ်ရေတင်မှ နွေစပါးဧက ၅၄၀ နှင့် ပျော့ရွာ လျှပ်စစ်မြစ်ရေတင်မှ နွေစပါးဧက ၅၀၀ တို့ကို ရေသွင်းစိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● အတ္တာဝါမှ

တင်းကျပ်ကာ ငါးမျိုးမသုဉ်းရေး ဆောင်ရွက်လာကြရကြောင်း ဒဗလျူဒဗလျူအက်ဖ်၏ အတ္တာဝါအရင်းအမြစ် ထိန်းသိမ်းစောင့်ရှောက်ရေး သုတေသန လေ့လာချက်၌ ဖော်ပြထားသည်။

သတိပေးထား

ကမ္ဘာ့ပင်လယ် သမုဒ္ဒရာများ၌ ပင်လယ်ငါး သယံဇာတများ အလျှံအပယ်ရှိသည်ဟု သာမန်ကာလျှံကာ ယူဆ၍ မရနိုင်ကြောင်း၊ ယင်းသို့ ယူဆပါက အလွန်အကျွံ ငါးဖမ်းမှုကြောင့် ငါးမျိုးသုဉ်းနိုင်ပြီး အတ္တာဝါ ဂေဟစနစ်များ ပျက်စီးနိုင်ကြောင်း လေ့လာချက်တွင် သတိပေးထားသည်။

ငါးမျိုးသုဉ်းခြင်းဖြင့် ရေလုပ်သားများ၏ လူနေမှုဘဝကိုလည်း ထိခိုက်လာနိုင်ကြောင်း၊ ကမ္ဘာပေါ်တွင် ဈေးကွက်၌ ရောင်းချနေသော ငါးမျိုးများ၏ ၆၀ ရာခိုင်နှုန်းထက် မနည်းမှာ အလွန်အကျွံ ဖမ်းယူခံနေရပြီဖြစ်ကြောင်း လေ့လာချက်အရ သိရသည်။

ခေတ်မီ နည်းပညာသုံး ငါးဖမ်းရေယာဉ်များသည် ပင်လယ်ကြမ်းပြင်တစ်လျှောက် ငါးဖမ်းပိုက်များချကာ ဒယ်ဥ်တိုက် ငါးဖမ်းမှုကြောင့် ဖမ်းရန်ရည်ရွယ်ရင်းမရှိသော ငါးများ၊ ပင်လယ်လိပ်များနှင့် ရေသတ္တဝါများ မသေသင့်ဘဲ သေဆုံးရလေ့ရှိကြောင်း၊ ယင်းကဲ့သို့ သိမ်းကျုံးဖမ်းဆီးသော ငါးဖမ်းစနစ်များကြောင့် နှစ်စဉ် မက်ထရစ်တန်ချိန် သန်း ၂၀ ကျော်အလေးချိန်ရှိ ရေသတ္တဝါများမှာ ထိခိုက်ပျက်စီးရကြောင်း၊ ဖော်ပြပါ ပမာဏမှာ တစ်ကမ္ဘာလုံး ဖမ်းယူသော ပင်လယ်ငါးအလေးချိန်၏ လေးပုံတစ်ပုံအထိရှိကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

ကမ္ဘာ့တောရိုင်း တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့၏ ပင်လယ်ငါးမျိုးမသုဉ်းရေး လှုပ်ရှားမှု အစီအစဉ်တွင် ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ကြရန် သုတေသီများက တိုက်တွန်းသည်။

အင်တာနက်။

အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များတွင် နည်းပြ၊ သရုပ်ပြရာထူး လူတွေ့ နှုတ်ဖြေ စာမေးပွဲဖြေဆိုရန် အကြောင်းကြားခြင်း

ရန်ကုန် မေ ၂၃

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ လစ်လပ်လျက်ရှိသော နည်းပြ၊ သရုပ်ပြ(လစာနှုန်း ကျပ် ၃၉၀၀၀-၁၀၀၀-၄၄၀၀၀) ရာထူးတွင် ခန့်ထားရန်အတွက် ဖေဖော်ဝါရီလအတွင်း ရေးဖြေစာမေးပွဲဖြေဆိုခဲ့သူများ၏ လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများ အမည်စာရင်းကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်မြို့၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) မန္တလေးမြို့နှင့် ဦးစီးဌာနများ အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ထုတ်ပြန်ကြေညာထားသည်။

သို့ဖြစ်၍ လူတွေ့နှုတ်ဖြေစာမေးပွဲစစ်ဆေးခြင်းကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်မြို့၌ မေ ၂ ရက် (စနေနေ့)နှင့် ၃ ရက် (တနင်္ဂနွေနေ့)တို့တွင် ကျင်းပမည်ဖြစ်ရာ လူတွေ့စစ်ဆေးခံရမည့်သူများသည် မေ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရုံးချိန်အတွင်း အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ရန်ကုန်မြို့သို့ မပျက်မကွက် သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

မလှိုင်မြို့နယ်တွင် ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစွာ ရရှိနိုင်ရန်အတွက် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ လေးလက်မ စက်ရေတွင်းအသစ်တစ်တွင်းကို တွင်းတူးစက်ကြီးဖြင့် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးရဲနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသော နေရာများတွင် နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဇနီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သို့ တက်ရောက်

နေပြည်တော် မေ ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဇနီးသည် ဧပြီ ၁၆ ရက် နံနက် ၇ နာရီခွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီမြက်ခင်းပြင်၌ ကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သို့ တက်ရောက်၍ တိုင်းမှူးက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က အခမ်းအနားတက်ရောက်လာကြသူများ၊ သင်္ကြန်ယိမ်းအဖွဲ့များအား နှစ်သစ်မင်္ဂလာအကြိုရေစင်များ ပက်ဖျန်းပေးပြီးနောက် အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၏ အတာရေသဘင် မဏ္ဍပ်များတွင် ဒေသခံပြည်သူများ၏ ပျော်ရွှင်စွာ ရေပက်ကစားနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများသည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီးအနီး မဟာသင်္ကြန်ဗဟိုဆုပေးမဏ္ဍပ်၌ ကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ဆုရရှိကြသော ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကာ အနုပညာရှင်များ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများသည် မြို့တော်ခန်းမ၌ ကျင်းပသော သက်ကြီး အဘိုး၊ အဘွားများအား နှစ်သစ်ကူးသက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး အဘိုး၊ အဘွားများအား အလှူငွေများနှင့် ဂါရဝပြုပစ္စည်းများ ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုင်းတုံမြို့ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များသို့ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးသည် ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့များတွင် ရွှေတြိဂံတင်းနစ်အားကစားကွင်းအနီးရှိ တိုင်းစစ်ဌာနချုပ် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၊ မြို့တော်ခန်းမရှေ့ရှိ သင်္ကြန်ရေကစားမဏ္ဍပ်၊ နောင်တုံကန်အနီး မဟာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့် နောင်တုံကန်ပတ်လမ်းတစ်လျှောက်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပညာရေးတက္ကသိုလ်များ၏ သင်္ကြန်ရေကစားမဏ္ဍပ်များသို့ သွားရောက်၍ သင်္ကြန်ယိမ်းအဖွဲ့များ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းမှူးက သင်္ကြန်ယိမ်းအဖွဲ့များအတွက် ဂုဏ်ပြုဆုငွေများနှင့် မဏ္ဍပ်ဆုများကို ပေးအပ်ချီးမြှင့်ကာ ဒေသခံပြည်သူများ ပျော်ရွှင်စွာ ရေကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ တိုင်းစစ်ဌာနချုပ် မဟာသင်္ကြန်၌ ကျင်းပသည့် တပ်နယ် မဟာသင်္ကြန်ယိမ်းအကပြိုင်ပွဲတွင် ဆုရရှိကြသည့် သင်္ကြန်ယိမ်းအဖွဲ့များအား ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆုရရှိကြသော ယိမ်းအဖွဲ့များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တိုင်းမှူးသည် ဧပြီ ၁၇ ရက် နံနက် ၇ နာရီတွင် ကျိုင်းတုံမြို့နယ် ယန်းလော ကျေးရွာအုပ်စု ကျိုင်းဖောင်းရပ်ကွက် နမ့်ဝင်ချောင်းနေရာ၌ ကျင်းပသည့် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲသို့ တက်ရောက်ပြီး တိုင်းမှူးနှင့် ဇနီးတို့က ဦးဆောင်၍ တက်ရောက်လာကြသူများက ငါးမျိုးစုံကို နမ့်ဝင်ချောင်းအတွင်း ဇီဝိတဒါန စုပေါင်းငါးလွှတ်ကြသည်။

ဆက်လက်၍ တိုင်းမှူးသည် နောင်တုံကန်၌ ကျင်းပသည့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဇနီးနှင့် တက်ရောက်လာကြသူများက ပထမနေ့ အုပ်စုအလိုက် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ စည်ပင်သာယာခန်းမ၌ ကျင်းပသည့် သက်ကြီးဘိုးဘွားပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဘိုးဘွားများအား တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက ထောက်ပံ့ငွေများ၊ မျက်မှန်နှင့် အသုံးအဆောင်ပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာ ပစ္စည်းများဖြင့် လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ပိတ်ပွဲ သက်ကြီးပူဇော်၊ ဇီဝိတဒါန ငါးလွှတ်

နေပြည်တော် မေ ၂၃

ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၆ နာရီခွဲတွင် မြစ်ကြီးနားမြို့ ဇေရာရပ်ကွက်ရှိ ဗဟိုဆုပေးမဏ္ဍပ်၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် ဇနီး၊ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ပြီး ဒိုင်အဖွဲ့အား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ စေတနာ သွေးသန့်သွေးလှူရှင်များအသင်းက ကြီးမှူးသည့် စုပေါင်းသွေးလှူပွဲကို (မြန်မာနှစ်ဆန်း ၁ ရက်) ဧပြီ ၁၇ ရက်တွင် မြစ်ကြီးနားမြို့ ပြည်နယ် အထွေထွေရောဂါကု ဆေးရုံကြီးရှိ သွေးလှူဘဏ်ခန်းမ၌ ကျင်းပရာ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှုအားပေးပြီး သွေးလှူရှင်များအား တိုင်းမှူးနှင့်ဇနီးတို့က အာဟာရ စားသောက်ဖွယ်ရာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများသည် ပြည်နယ်သာသနာ့ဗိမာန်တော်ကြီး၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး အဘိုး၊ အဘွားတို့အား ကန်တော့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဇီဝိတဒါန ငါးလွှတ်ပွဲကို ပြည်နယ်သာသနာ့ဗိမာန်တော်ကြီးအနီးရှိ ဧရာဝတီမြစ်ဆိပ်၌ ကျင်းပရာ တိုင်းမှူးနှင့် ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်များမှ ဝတ်အသင်းအဖွဲ့များက ငါးမြစ်ချင်းနှင့် ငါးကြင်းများကို မြစ်အတွင်းသို့ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၇ ခုနှစ် အမျိုးသားစာပေဆုရှင် မောင်သန်းဆွေ(ထားဝယ်)အား ထားဝယ်အသင်း(မော်လမြိုင်)က ဂုဏ်ပြု ပွဲကျင်းပရာ ဥက္ကဋ္ဌ ဦးစွန်စိမ်းက မော်လမြိုင်မြို့ ကျိုက်သရေဆောင် ကျောက်စီပန်းချီကားကို ဂုဏ်ပြု လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (ကြေးမုံ)

မီးဘေးရှောင် မလောင်ခင်တား

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန် အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀ စီးအထိလည်းကောင်း၊ ယူရီးယား ဓာတ်မြေဩဇာ အနည်းဆုံး ၂၅ ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ ဒသမ ၅ ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀ နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။

၅။ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးပါ။

၆။ ချဉ်ပေါင်လျှော် မျိုးစေ့များအား မစိုက်မီ(၃၊ ၄) နေလှန်းပြီးမှ စိုက်ပါ။

၇။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ၊ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၈။ ပိုးမွှားအန္တရာယ်ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ် ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာဂုန်လျှော်နှင့် လျှော်မျှင်များ လုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်-ပေါက်ခေါင်း-အုတ်တွင်း ကားလမ်း တိုးတက်ပြုပြင် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း လုပ်ငန်းများစစ်ဆေး

နေပြည်တော် မေ ၂၃

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းသည် ဧပြီ ၁၁ ရက်တွင် အုတ်တွင်းမြို့နယ်ရှိ ပြည်-ပေါက်ခေါင်း-အုတ်တွင်း ကားလမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပေါက်ခေါင်းမြို့နယ် ပေါ်လံကြီးသစ်တောစခန်းသို့ ရောက်ရှိရာ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၇)၊ သစ်တောဦးစီးဌာနနှင့် သစ်ထုတ်လုပ်ရေးမှ တာဝန်ရှိသူများအား တိုင်းမှူးက တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် အုတ်တွင်းမြို့နယ် ခပေါင်းကြီးပြင်ကာကွယ်တောရှိ (ကျွန်း)စိုက်ခင်းသို့ ရောက်ရှိစစ်ဆေးပြီး ပေါက်ခေါင်းမြို့နယ် ပုဂ္ဂလိကကျွန်းစိုက်ခင်းများစိုက်ပျိုးရန် မြေယာပြင်ဆင်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျွန်းသစ်စေ့ထုတ် ဧရိယာသို့ ရောက်ရှိ၍ ကျွန်းပျိုးပင်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့် အဖွဲ့ မတ် ၃၁ ရက်က တောင်ကြီးမြို့ ရေပေးဝေလျက်ရှိသော ထီသိမ်(ရှုရှား) ရေကန်အတွက် ရေကူတမံ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်မြင့်တို့ ရှင်းလင်းတင်ပြကြစဉ်။ (သတင်းစဉ်)

ဧပြီ ၅ ရက်က ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ ရွှေပိမ္မာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ထန်းတပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ကျောင်းဆောင်သစ်များ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆောက်လုပ်လှူဒါန်းသည့် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အားပေး ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းမှူးသည် နံနက် ၈ နာရီခွဲတွင် ထန်းတပင်မြို့နယ် သောင်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိ၍ တစ်ထပ်စာသင်ဆောင်သစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ကျောင်းသုံး ပရိဘောဂပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။ ထိုမှတစ်ဆင့် တိုင်းမှူးသည် ကတွယ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ ရောက်ရှိ၍ တစ်ထပ်စာသင်ဆောင်သစ်ကို တိုင်းမှူးနှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ကဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကျောင်းအစည်းအဝေးခန်းမ၌ကျောင်းဆောင်သစ်များလွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို အမှတ်(၃)အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်၍နေ့ရဲဆောက်လုပ်ရေးကုမ္ပဏီကကျောင်းသုံးစာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီးနှင့်ကျောင်းသား၊ ကျောင်းသူများထံပေးအပ်သည်။

ထို့နောက် မြို့နယ် ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူတို့ ထန်းတပင်မြို့နယ် ကတွယ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ တစ်ထပ် စာသင်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေလီရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၃

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဧပြီ၁၅ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီးရှိ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan United Power Developing Co., Ltd (YUPD) တို့ အကျိုးတူပူးပေါင်း၍တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရွှေလီရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်၍ တည်ဆောက်ပြီးစီးနေသော ရေအားလျှပ်စစ်စက်ရုံ၏ Generator Floor ၌ တာဘိုင်စက်များ မောင်းနှင်နေမှုအခြေအနေ၊ အမှတ်(၆)စက်တပ်ဆင်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ Central Control Room ၌ Computer System ဖြင့်စက်များမောင်းနှင်နေမှုကိုလည်းကောင်း၊ Gas Insulated Switch Gear Room ၌ စက်များ တပ်ဆင်ပြီးစီးနေမှုကိုလည်းကောင်း၊GIS စနစ်ဖြင့် ဓာတ်အားပို့လွှတ်နေမှုကို လည်းကောင်း၊ Protection Room နှင့် Switch Yard တည်ဆောက်ပြီးစီးမှုတို့ကို လည်းကောင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ **(အပေါ်ပုံ)**

ဝန်ကြီးသည် ဧပြီ ၁၆ ရက်တွင် စီမံကိန်းမှ တာဝန်ရှိသူများ၊ Yunnan United Power Developing Co., Ltd (YUPD) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရှင်းလင်းဆောင်ရွက်ရပ်မှနေ၍ ရေထိန်းတမံနှင့် ရေပိုလွှဲတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ရေလှိုထိန်းဆည် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရွှေလီရေအားလျှပ်စစ် စီမံကိန်းသည် ရွှေလီမြစ်ပေါ်တွင် ရေထိန်းတမံ (Regulating Dam) တည်ဆောက်၍ ရေသွယ်ဥမင်လိုဏ်ဖြင့် ရေကိုသွယ်ယူကာ မဂ္ဂါဝပ် ၁၀၀ ရှိ စက်ခြောက်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀၀မှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၀၂၂ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး မကြာမီ ဖွင့်လှစ်မည့် စီမံကိန်းတစ်ခု ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ အစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၅	၅။	မဟာဂီတချိုကြည်မြ
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၃၀	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၅၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀	၁၄။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဝတ်လွှာစိမ်းနဲ့ ပန်းနှင်းဆီ (အပိုင်း-၁၁)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	စိုက်ပျိုးသုတ
	၂၀။	ရှင်သန်နေသောသီချင်းများ (Living Songs) တေးရေး R ခိုင် (ဒုတိယပိုင်း)
	၂၁။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း တရားရှင်နှင့် ကျွန်ကျောင်း (အပိုင်း-၂)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

ရန်ကုန်သင်္ကြန်မှတ်တမ်းပုံရိပ်များဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဧပြီ ၂၃

၂၀၀၉ ရန်ကုန်သင်္ကြန်ရှုခင်း၊ မြင်ကွင်းမှတ်တမ်းပုံရိပ်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅) အမှတ်(၁၅)ထွက်ရှိလာသည်။

ယင်းအပြင်"မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဝ သို့မဟုတ် စီးပွားရေးမြို့တော်စစ်တွေ" မျက်နှာဖုံးဆောင်းပါး၊ "ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပြီဆိုတာနဲ့ သတိထားဖို့ အထူးလိုအပ်ပါတယ်" မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်နှင့် တွေ့ဆုံခြင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပထမဆုံး ရော်ဘာစေးပေါင်းခံစက်ရုံကြီး မကြာမီတည်ဆောက်မည်၊ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းများ အွန်လိုင်းစနစ်ဖြင့် ပို့နိုင်ပြီ၊ မုန်တိုင်းအကြောင်း အချိန်မီသတင်းထုတ်ပြန်နိုင်ရန် ၂၄ နာရီ မုန်တိုင်းစောင့်ကြည့်နေ၊ ဧည့်မထအုပ်စုစပါးများ ပြည်ပကအဝယ်လိုက်၍ ဆန်စပါးဈေးကွက် ပြန်လည်ဦးမော့လာ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "အပူဒဏ်နှင့်နေထိုင်ရခြင်းဒုက္ခ" အကြောင်း၊ စိုးမြတ်နန္ဒာနှင့် တွေ့ဆုံခိုက် မေးမြန်းဖြစ်ခဲ့တာလေးတွေ ဖျော်ဖြေရေးသတင်းနှင့်အတူ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

နိုင်ငံသားများအား ပိုမိုနူးညံ့သိမ်မွေ့ပြီး ကရုဏာထားတတ်စေရန် စင်ကာပူလိုလား၊ အာဆီယံလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းက အခြေအနေကောင်းများကို ပိုမိုဖန်တီးပေးမည်ဖြစ်၊ ကလေးငယ်များ၏ အိပ်ခန်းအတွင်း ရုပ်သံစက်များ မထားပေးသင့်၊ ပါလက်စတိုင်းလူငယ်များ စိတ်အားငယ်နေကြဟုဆို၊ ကမ္ဘာ့ငွေကြေးအကျပ်အတည်းတွင် ကန်ပြည်ထောင်စုအား မည်သူကျွေးမည်လဲ၊ လေဖြတ်ပြီး အမြင်အာရုံချို့တဲ့သော ဝေဒနာရှင်များ သာယာနှစ်လိုဖွယ်ကောင်းသော ဂီတသံကို နားထောင်ခြင်းဖြင့် ရောဂါသက်သာပျောက်ကင်းစေနိုင်၊ "အသက် ၁၅ နှစ်အရွယ်ရှိ နယူးဇီလန်နိုင်ငံသားက စကော့တလန်နိုင်ငံသူအား သတ်မှုကြောင့် ထောင်ဒဏ် ၁၂ နှစ်ခွဲ ပြစ်ဒဏ်ချမှတ်ခံရ" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ပါရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်အဆောက်အအုံ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၉ ရက်တွင် ရန်ကုန်မြို့ရှိ အင်းလျားကန်၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က နိုင်ငံတကာအဆင့်မီ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အဆောက်အအုံအဖြစ် ပြင်ဆင်တည်ဆောက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်တို့က အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ၂၀၀၉ ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်သဇင်နွယ်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့် **(ဝဲပုံ)** နှင့် ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်း၊ ရန်ကုန်ရွက်လှေအသင်းဥက္ကဋ္ဌ ဦးမင်းစိန်တို့က ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

❖ **စစ်တောင်းမှ**

ဖြစ်ထွန်းလာပုံကို မြင်တွေ့ရသည်။ ထို့နောက် DY(2) တာဝန်ခံဦးစီးအရာရှိ ဦးအောင်ထက်မြင့်၊ DY(3) တာဝန်ခံ ဦးစီးအရာရှိ ဦးမြင့်အောင်၊ DY(4) တာဝန်ခံဦးစီးအရာရှိ ဦးကြည်သိန်းတို့က အကျိုးဖြစ်ထွန်းမှုများကို လိုက်လံပြသကြသည်။

လက်ဝဲမြောင်းမ တည်ဆောက်ဆဲလုပ်ငန်းများကို ဦးစီးအရာရှိ ဦးတိုးလင်းက လိုက်လံပြသပြီးနောက် လက်တံမြောင်းများနှင့် လက်ကြားမြောင်းလေးများအထိ ရေပေးဝေနေပုံကို ဆက်လက်လေ့လာရာ ရေပေးမြောင်းများနှင့်အတူ တစ်မျှော်တစ်ခေါ် မြင်တွေ့နေရသည့် နွေစပါးစိုက်ခင်းစိမ်းစိုမှုများသည် အားရစရာပင်ဖြစ်သည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဗိုက "ရှေးကရေမြေကောင်းကြရဲ့လားလို့ မေးတတ်ကြကြောင်း၊ ရေမြေကောင်းမှသာ စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းကြောင်း၊ နွေစပါးစိုက်ပျိုးရေးမှာ စပါးကို ကြဲပက်စိုက်ပျိုးကြကြောင်း၊ နောက်ပျိုးထောင်၍ ပျိုးပင်ကို အတန်းလိုက် စပါးစိုက်ကြကြောင်း၊ အချို့တောင်သူများက ပဲတီစိမ်းကို နောက်ကျမှ စိုက်ပျိုးကြပြီး ပဲတီစိမ်း ဆွတ်ခူးပြီးမှ နွေစပါးစိုက်ကြကြောင်း၊ တောင်သူများက နွေစပါးအတွက် ရေအလုံအလောက်ပေးနိုင်ပါ့မလား၊ ရေရောက်ပါ့မလားဆိုသည့်သံသယစိတ်များ ရှိတတ်ကြကြောင်း၊ ခပေါင်းဆည်မှာ ရေအပြည့်အဝရှိကြောင်း၊ သံသယစိတ်များဖျောက်ပြီး တောင်သူများက မိုးစပါးပြီးရင် ပဲတီစိမ်းကို အချိန်မီစိုက်ပျိုးကြရန်နှင့် နွေစပါးကိုလည်း ချိန်ကိုက်စိုက်ပျိုးထုတ်လုပ်ကြမည်ဆိုလျှင် ဒေသခံတောင်သူများ သုံးသီးစား ပြည့်ပြည့်ဝဝ ခံစားကြရမှာဖြစ်ကြောင်း" ရှင်းလင်းပြောကြားသည်။

ယခင်က ဆည်ရေမရခဲ့ကြ၍ နွေစပါးကို မစိုက်ပျိုးခဲ့ကြသောတောင်သူများ ယခု ခပေါင်းရေစီးကြောင့် နွေစပါးတစ်မျိုးထပ်မံ တိုးလာကာ ဝင်ငွေကောင်းကြပေတော့မည်။

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်တွင် လက်ယာမြောင်းမကြီးမှ ရေပေးဝေနိုင်မှုအရ နွေစပါးစိုက်ဧက ၁၀၀၀၀ လျာထားသတ်မှတ်ထားပြီးသည့်အနက် ဧက ၈၅၀၀ ကို စိုက်ပျိုးရေပေးဝေနေပြီးဖြစ်သည်။

ထို့ကြောင့်နွေကာလတွင် လက်ယာမြောင်းမကြီးတစ်လျှောက် ရေစီးကောင်းကောင်းဖြင့် ရေလွှတ်ပေးလျက်ရှိရာ မြောင်းပေါင်ပေါ်တွင် စိမ်းစိုအေးမြလာသည်။ နွေစပါးများ အောင်မြင်ဖြစ်ထွန်းလာသည်ကို တွေ့ရှိရသည်။ လက်ယာမြောင်းမကြီး၏ လက်ဝဲလက်ယာ နွေစပါးစိုက်ခင်းများကို ကြည့်ရှုလေ့လာခဲ့ပြီးနောက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအနီးရှိ ချင်းရွာမှ ခပေါင်းဆည်ရေသောက်ဖြင့် ကြီးပြင်းနေသော နွေစပါးစိုက်ခင်းများကိုလည်း ထပ်မံလေ့လာခဲ့ရသည်။

သို့ဖြစ်၍ ခပေါင်းရေလှောင်တမံမှ တစ်ဆင့် ခပေါင်းရေလွှဲဆည်သို့ ပို့လွှတ်ပေးသော ခပေါင်းရေစီးသည် စစ်တောင်းမြစ်ဝှမ်းဒေသတစ်ခွင်တွင် စိမ်းနုရောင်လွှမ်းနေသည့် နွေစပါးစိုက်ခင်း မြင်ကွင်းများအဖြစ် ကျေနပ်အားရစရာ ကောင်းလှပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ခပေါင်းရေလွှဲဆည် လက်ယာမြောင်းမကြီး အတွင်းသို့ ရေတံခါးများမှ ရေစတင်လွှတ်ပေးနေစဉ်။

ခပေါင်းဆည် ရေစီးကြောင့် အုတ်တွင်းမြို့နယ် ချင်းရွာအနီးတွင် နွေစပါးစိုက်ခင်းကြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ခပေါင်းရေလွှဲဆည် လက်ယာမြောင်းမကြီးမှ နွေစပါးစိုက်ပျိုးရေးအတွက် ရေလွှတ်ပေးနေစဉ်။

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၅ ၄။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၁၀ ၆။ အတီးပြိုင်ပွဲ
၈း၃၀ ၇။ International News.
၈း၄၀ ၈။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၈း၅၀ ၉။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (လွင်မိုး၊မင်းမော်ကွန်း၊ ဇာနည်၊ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ကြည်လဲ့လဲ့ဦး၊ လှအဥ္စလီတင့်၊ဂွမ်းပုံ၊ရော)**
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၅ ၃။ စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း)
၄း၄၀ ၄။ တေးဂီတအစီအစဉ်
၄း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၁၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၇။ **"ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ" (ခန့်စည်သူ၊ဖြိုးငွေစိုး၊ဝိုင်ယ၊ ပုလဲဝင်း၊ဖူးစုံ၊သဇင်) [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]**
၅း၄၅ ၈။ နှောင်းခေတ်တေးပဒေသာ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ သုတစုံလင်ရွှေညာဏ်ရှင်
၇း၀၅ ၁၂။ အပန်းဖြေလှည့်ပါ မြစ်ကမ်းခြေသာယာ
၇း၁၀ ၁၃။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "နားခိုရာရင်ခွင်" (အပိုင်း-၄)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလမ်းဆုံ" (အပိုင်း-၁၇)**
၁၈။ အစီအစဉ်ပြီး၏။

❁ **အမေရိကန်မှ**

ရုပ်ကြွင်းလောင်စာသုံးစွဲရမှု လျှော့ချကာ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော စွမ်းအင်ထုတ်လုပ်သုံးစွဲရန် ဦးတည်လာချိန်၌ အမေရိကန်နိုင်ငံရှိ အိုင်စီတီလုပ်ငန်းကဏ္ဍမှ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု မည်မျှရှိသည်ကို ဆန်းစစ်ရန်လိုအပ်ကြောင်း၊ အမေရိကန်အိုင်စီတီ လုပ်ငန်းကဏ္ဍသည် တစ်နှစ်လျှင် ကာဗွန်ဓာတ်ငွေ့ ခြောက်ရာခိုင်နှုန်းအထိ တိုးတက်ထုတ်လွှတ်လာမည်ဟု ခန့်မှန်းရကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန် မြို့ပြလေကြောင်းလုပ်ငန်းမှ ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှုမှာ ၂၀၀၈ခုနှစ်တွင် သုံးရာခိုင်နှုန်းရှိခဲ့သည်။ ကွန်ပျူတာစက်များ၊ ကွန်ပျူတာဆော့ဖ်ဝဲများနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဝယ်လိုအား တိုးတက်လာမှုကြောင့် အိုင်စီတီလုပ်ငန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာရာ ယင်းလုပ်ငန်းကဏ္ဍကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးလာနိုင်မှုကိုလည်း လျှော့မတွက်သင့်ကြောင်း မင်ဂေးက ပြောကြားသည်။

ယနေ့ကာလတွင် ကွန်ပျူတာသုံးစွဲမှု တရိပ်ရိပ်တိုးလာရာ လျှပ်စစ်ဓာတ်အားသုံးစွဲရမှုမှာလည်း အချိုးညီ တိုးလာနေကြောင်း၊ အိုင်စီတီလုပ်ငန်းကဏ္ဍအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံကိန်းများ ရေးဆွဲချမှတ် အကောင်အထည်ဖော်သင့်ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

မော်လမြိုင်အသင်းဓမ္မာရုံ ပြုပြင်တည်ဆောက်ပြီးစီး

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာရှိ မော်လမြိုင်အသင်း(ရန်ကုန်)၏ မော်လမြိုင်ဓမ္မာရုံအသစ် တိုးချဲ့ဆောက်လုပ်ခြင်း၊ ကြမ်းခင်းများ ကွန်ကရစ်ကျောက်ပြားခင်းခြင်း စသော အကြီးစားပြင်ဆင်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်သည်။

အဆိုပါဓမ္မာရုံ အကြီးစားပြုပြင်ပြီးစီးခြင်း အလှူတော်မင်္ဂလာအခမ်းအနားနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို မေ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

✻ **မိဘများမှ**

မိဘတစ်ဦးမကျန်းမမာဖြစ်သောအခါ

အခါ စိတ်ဓာတ်ကျနေသော မိဘသည် မိမိကိုယ်မိမိ အဆုံးစီရင်မှုကျူးလွန်ခြင်း မပြုတော့"ဟု ဟက်မန်းအယ်စရောင်းက ထောက်ပြသည်။ မိဘများ၏ စိတ်ဓာတ်ကျခြင်းသည် သားသမီးများ၊ ကလေးများအတွက် တာဝန်ယူမှုနှင့် အထီးကျန်ခြင်း ခံစားမှုနှစ်ခုစလုံးကို ဖြစ်စေသည်ဟု ဆိုသည်။

မိဘရော သားသမီးများပါ နှစ်ဖက်စလုံးအတွက် ကျန်းမာရေးဝန်ဆောင်မှုပေး၍ ကူညီရန် အလွန်အရေးကြီးသည်ဟု သတင်းတွင် ဖော်ပြသည်။ စိတ်ဓာတ်ကျခြင်းစတင်ခံစားရသည့် အစောပိုင်းအဆင့်မှာပင် စိတ်ရောဂါအထူးကုဆရာဝန်နှင့် တွေ့ဆုံသင့်သည်ဟု သတင်းတွင် ဆက်လက်ဖော်ပြသည်။ ***အင်တာနက်။***

စာအုပ်စာပေ လှူမိတ်ဆွေ

စစ်တောင်းမြစ်ဝှမ်း ခပေါင်းရေစီး ဝင်ငွေသီးမည့် နှမ်းစပါးစိုက်ခင်းများနှင့် စိမ်းလန်းဝေဆာလာတော့မည်

စိုက်ပျိုးမြေဧက ၁၀၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်သည့် ခပေါင်းရေလှောင်တမံကို တွေ့ရစဉ်။

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ် ထုတ်ယူပြီးသောရေများကို တမံ၏အောက်ဘက် ငါးမိုင်ခန့်အကွာ အုတ်တွင်းမြို့နယ် အနောက်ဘက် ရှစ်မိုင်အကွာတွင် တည်ဆောက်ပေးထားသော ရေလွှဲဆည်သို့ ပို့ပေးခဲ့ခြင်းဖြင့် စွန့်ပစ်ရေကို ထိရောက်စွာ အသုံးပြုနိုင်ပြီဖြစ်သည်။

ရေလွှဲဆည်သည် ရွှေလောင်းကျေးရွာအနီးတွင် တည်ရှိပြီး လက်ဝဲ၊ လက်ယာမြောင်းမကြီးများမှတစ်ဆင့် ရေပေးဝေမည်ဖြစ်ရာ တောင်ငူမြို့နယ်တွင် ရေသောက်ဧရိယာ ဧက ၄၀၀၀၀ ကို လက်ဝဲမြောင်း ရေသောက်စနစ်ဖြင့်လည်းကောင်း၊ အုတ်တွင်းမြို့နယ်တွင် ရေသောက်ဧရိယာ ဧက ၆၀၀၀၀ ခန့်ကို လက်ယာမြောင်း ရေသောက်စနစ်ဖြင့်လည်းကောင်း စုစုပေါင်း လယ်မြေဧက တစ်သိန်းကို ဆည်ရေပေးဝေနိုင်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်ရန် လက်ယာမြောင်း ဆည်ရေသောက်စနစ်ကို ပဲခူးတိုင်း အုတ်တွင်းမြို့နယ်အတွင်း အကောင်အထည်ဖော်သည်။ ခပေါင်းရေလွှဲဆည် ရေသောက်စနစ်နှင့် ပတ်သက်၍တည်ဆောက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ဗိုက ယခုကဲ့သို့ အကောင်အထည်ဖော်နေခြင်းမှာ နှမ်းစပါး စိုက်ပျိုးနိုင်ရေးအတွက်ဖြစ်ကြောင်း ရှင်းပြသည်။

လက်ဝဲမြောင်းမကြီးရေသောက်စနစ်သည် တောင်ငူမြို့နယ်အတွင်း တည်ရှိပြီး အကျိုးပြုဧရိယာ ဧက ၄၀၀၀၀ ဖြစ်သည်။ လက်ဝဲရေသောက်စနစ်တွင် ချောင်းမငယ်ချောင်းနှင့် ပန်းဘဲချောင်း ချောင်းနှစ်ချောင်း ဖြတ်သန်းလျက်ရှိပြီး အဆိုပါချောင်းများတွင် ချောင်းဖြတ် အဆောက်အအုံ(Syphon)များ တည်ဆောက်မည်ဖြစ်သည်။

ထို့နောက် လက်ယာမြောင်းမကြီး၊ လက်တံမြောင်း ရေသောက်စနစ်တွင် ရေပေးဝေနေပုံကို မြောင်းမကြီးတစ်လျှောက် ကွင်းဆင်းလေ့လာရာ ဦးစီးအရာရှိ ဦးစိုးမိုးလွင်၊ဦးကြည်သိန်းတို့က လိုက်လံ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ ခင်မောင်သန်း(စက်မှု)

ရှင်းလင်းပြသကြသည်။ ခပေါင်းရေလွှဲဆည် လက်ယာမြောင်းမ DY(1) မှ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နေ့တွင် စိုက်ပျိုးရေ စတင်ပေးဝေပြီး လက်တံမြောင်းများမှ လယ်ကွင်းများအရောက် ရေပေးဝေခဲ့ရာ နှမ်းစပါးများ စိမ်းစိမ်းစိုစို

စာမျက်နှာ ၁၁ကော်လံ ၁သို့ ❖

အင်တာနက်ကျန်းမာရေး

မိဘများစိတ်ဓာတ်ကျခြင်းသည် သားသမီးများအား ထိခိုက်နိုင်

ဘာသာပြန်-မောင်ဇော်

မိဘများ၏ စိတ်ဓာတ်ကျခြင်း၊ စိတ်အားငယ်ခြင်းသည် သားသမီးများအပေါ် ကောင်းကျိုးမပြုသော အကျိုးသက်ရောက်မှုများ ရှိသည်ဟု တွေ့ရှိရကြောင်း ဆွီဒင်နိုင်ငံ ဂိုတင်းဘတ်ချ်တက္ကသိုလ်မှ လေ့လာမှုအသစ်တစ်ခုက ဖော်ပြသည်။

ကလေးငယ်များသည် မကျန်းမာသောမိဘများနှင့် မိသားစုဝင်များအတွက် အလွန်ကြီးမားသော တာဝန်ဝတ္တရားများကိုယူရကြောင်း လေ့လာမှုအဖွဲ့ခေါင်းဆောင် ဘရစ်ဟက်မန်း အယ်လ်စထရောင်းက ထုတ်ဖော်ပြောကြားသည်။

စိတ်ဓာတ်ကျနေသည့် မိဘသည် မိသားစုကို စွန့်ခွာသွားလျှင် သားသမီးတို့မှာအထီးကျန်ခံစားမှုကို ခံစားကြရသည်။ မိဘများက မိသားစုတာဝန်ကို နိုင်နင်းစွာ စီမံခန့်ခွဲနိုင်ခြင်းမရှိတော့သည့်အခါ သားသမီးတို့မှာ မိဘများအပါအဝင် ညီအစ်ကိုမောင်နှမများနှင့် မိမိအတွက်ပါ တာဝန်ယူကြရသည်။ "ကြီးလေးသော မိသားစုတာဝန်ကို သားသမီးတို့က တာဝန်ယူဆောင်ရွက်သော

စာမျက်နှာ ၁၁ကော်လံ ၃သို့ ✻

အင်တာနက်သိပ္ပံသတင်း

အမေရိကန် အိုင်စီတီလုပ်ငန်းကဏ္ဍ၏ ကာဗွန်ထုတ်လွှတ်မှုကို လျှော့တွက်၍မရ

ဘာသာပြန်-ရောမောင်

ဝါရှင်တန် ဧပြီ ၂၃

အမေရိကန်နိုင်ငံရှိ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ)လုပ်ငန်းကဏ္ဍမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့တွက်၍ မရနိုင်ကြောင်း၊ ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသော ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ပမာဏကို လျှော့ချရာတွင် မြို့ပြလေကြောင်း လုပ်ငန်းကဏ္ဍ၊ အကြီးစား စက်မှုလုပ်ငန်းကဏ္ဍ စသည့် လုပ်ငန်းကဏ္ဍများကို ပစ်မှတ်ထားကာ ဆောင်ရွက်သကဲ့သို့ အိုင်စီတီလုပ်ငန်းကဏ္ဍကိုလည်း ပစ်မှတ်ထားရန် လိုအပ်မည်ဖြစ်ကြောင်း သုတေသီတစ်ဦး၏ လေ့လာချက်ကို ကိုးကားလျက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံရှိ ကွန်ပျူတာနည်းပညာ ကုမ္ပဏီကြီးများ၏ စုစုပေါင်းလျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်

ဤသို့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးလာသည်နှင့်အမျှ ဤကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှုမှာ မြင့်တက်လာလျက်ရှိသည်။ (ဓာတ်ပုံ-အင်တာနက်)

ဓာတ်ငွေ့ ပေါ်ထွက်စေသည့် ပမာဏတို့ကို လေ့လာကြည့်ရန် လိုအပ်လာပြီဖြစ်ကြောင်း ဂါတနာအင်ကော်ပိုရိတ်တက် အမည်ရှိ သုတေသနကုမ္ပဏီမှ သုတေသီ ဆိုင်မွန်မင်ဂေးက ရိုက်တာသတင်းဌာန၏ လူတွေ့မေးမြန်းခန်း၌ ပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❁

ထူးခြားသည့်နေ့အပူချိန်များ

(၂၃-၄-၂၀၀၉)

ညောင်ဦးနှင့် မင်းဘူး	၄၂ ဒီဂရီစင်တီဂရိတ်စီ
မြင်းခြံနှင့်ချောက်	၄၁ ဒီဂရီစင်တီဂရိတ်စီ

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၃-၄-၂၀၀၉)

နေပြည်တော် (သပြေကုန်း)	၀ ဒသမ ၂၀ လက်မ
နေပြည်တော်လယ်ဝေး	၀ ဒသမ ၁၆ လက်မ
မုဒုံ	၁ ဒသမ ၆၅ လက်မ
ကော့သောင်း	၁ ဒသမ ၁၈ လက်မ
ကသာ	၀ ဒသမ ၉၀ လက်မ

ကိုကြီး ငွေဇင်ယော် ၏ "စလောင်း၊ ဗန်းတို့ ရောင်းတန်းက ရပ်ချိန်တန်ကြပြီ" ***(ဆောင်းပါး)*** **စာမျက်နှာ(၆)**

ယနေ့ ပြည်တွင်းပြည်ပသတင်းအညွှန်း

ဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေး ဗဟိုဌာန ပြည်တွင်း၊ ပြည်ပ သဘာဝဘေး ကြိုတင်ကာကွယ်ရေး သတင်းများ ထုတ်ပြန်နိုင်
(သတင်း) စာမျက်နှာ ၇

နမ့်ခမ်းမြို့ မန်တက်ကျေးရွာအနီးတွင် နစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၀၂၂ သန်း ထုတ်လွှတ်ပေးမည့် ဓာတ်အားပေးစက်ရုံ...
(သတင်း) စာမျက်နှာ ၁၀

ဂျပန်ဝေလငါးဖမ်းသင်္ဘောများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့များ ကန့်ကွက်...
(သတင်း) စာမျက်နှာ ၅